မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၂၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၈၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation မှ President အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation မှ President Mr. Jiang Jie Min နှင့် အဖွဲ့အား လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁)နှင့်အတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation မှ President Mr. Jiang Jie Min နှင့်အတူ Vice President Mr.Liao Yong Yuan၊ Deputy Chief Economist Mr.Wang Li Hua၊ Director General Int, Dept, CNPC & Foreign Affairs Office, Petrochina မှ Mr. Zhang Xin နှင့် General Secretary China Petroleum & Petrochemical Engineering Institute, Petrochina မှ Mr. Zhang Jialin တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မတ် ၂၇ရက်က နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် **Nay Pyi Taw Water Fountain Garden** ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်း စာ-၂) (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၂၉ ရက်)

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် ညီညွတ်စွာပေါင်းစည်း ဒီမိုကရေစီရရှိရေး အေးချမ်းတည်ငြိမ်စွာ ဝိုင်းဝန်းတည်ဆောက်ဖော်ဆောင်

ယနေ့ မျိုးချစ်တပ်မတော်သည် ကိုယ့်ထူးကိုယ်ချွန် ရန်းကန်နိုးထပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တော်လှန်ရေးကြီး ဆင်နွှဲခဲ့သည်မှာ (၆၄)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

တပ်မတော်သည် ပြည်သူ့အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော်ကာကွယ်ရေးတွင်သာမက နိုင်ငံတော်ထူထောင်ရေး၌ပါ ဝိုင်းဝန်းတည်ဆောက်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံအရေးကြုံတိုင်း ပြည်သူရှေ့မှ မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်ခဲ့ပေသည်။ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးအတွက် လွတ်လပ်ရေးရပြီးကတည်းက ပေါ်ပေါက်ခဲ့ရသည့် လက်နက်ကိုင်အဖွဲ့များကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာရန် စိတ်ကောင်းစေတနာကောင်းဖြင့် လက်ကမ်းကြိုဆိုခဲ့ပေသည်။

တပ်မတော်က ဆောင်ရွက်ခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း စသည့်စီမံကိန်းကြီးသုံးရပ်အတွက် တစ်နိုင်ငံလုံးတွင် ဖြည့်ဆည်းပေးခဲ့သည့် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အခြေခံအဆောက်အအုံများသည် အနှစ်၂၀ ကာလအတွင်း ကာလနှင့်မမျှ များပြားခဲ့သည်မှာ သက်သေခံလျက်ရှိပေသည်။

ယင်းသို့ ထိရောက်မြန်ဆန်စွာ ဖော်ဆောင်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အဓိကမဏ္ဍိုင်ကြီးသုံးရပ် မားမားမတ်မတ် လက်တွဲဆောင်ရွက်ခြင်း၏ ရလဒ်ပင်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူများ တစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့ပြီးဖြစ်ရာ ၂၀၁၀ပြည့်နှစ်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အရ ဖြစ်ပေါ်လာမည့် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို နိုင်ငံတော်အစိုးရက စနစ်တကျ ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီသည် ပျိုးထောင်ဆဲ အဆင့်မျှသာရှိသေးရာ စိတ်ရှည်ရှည်ဖြင့် ဆက်လက်ပြုစုစောင့်ရှောက်ရန် လိုအပ်မည် ဖြစ်ပြီး အေးချမ်းတည်ငြိမ်စွာ ဝိုင်းဝန်းတည်ဆောက်သွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက် အကောင်အထည်ဖော်ဆောင်ရာတွင် နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းမှု စွမ်းအားဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ အရောက်ချီတက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရ ပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**သေနည်း(၄)မျိုးတရားတော်** [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
၈း၀၀-၂း၀၀	Sunday Talk [ကိုကိုလှိုင်၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၅၀-၂း၅၀	ရေပျော်ငှက်၏ တောင်ပံခတ်သံ
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ကမ္ဘာ့အားကစားဇာတ်ခုံ
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	အရေးပါသောနောက်ဆုံးပေါ် အရိုးအဆစ်ဆေးပညာ
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	လူငယ် IT ပညာရှင်များနှင့် Software Engineering
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	ဝတ်စားဆင်ယင် ပါတိတ်ဒီဇိုင်းထွင်
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀	ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
၁၂း၀၀-၆း၀၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃) (စစ်ရေးတေး)
၁၂း၁၅-၆း၁၅	International Video Topices (သစ်အိမ်ကြီးများ ပြောင်းရွှေ့ခြင်း)
၁၂း၄၀-၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅-၆း၄၅	မြန်မာ့တူရိယာ စည်တော်ကြီး
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၉-၃-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။ မြဝတီအဖွင့်
၁၁း၀၅	၂။ အဖွင့်သီချင်း
၁၁း၁၀	၃။ မျိုးချစ်တပ်မတော်
၁၁း၂၅	၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၁၀)
၁၂း၀၀	၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **လရောင်ဆမ်းမှပွင့်သောပန်း**
၁၃း၃၀	၆။ ကျန်းမာသုတ
၁၃း၄၅	၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၃၄)

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ မျိုးချစ်တပ်မတော်
၄း၂၀	၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၄၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀	၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။ နိုင်ငံတကာသတင်း
၆း၂၀	၁၀။ အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၁။ လျှပ်တစ်ပြက်
၆း၄၅	၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၇း၀၀	၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၁၇)
၈း၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ မိုးလေဝသသတင်း
	၁၆။ အမျိုးသားရေးတေးကဗျာ
	၁၇။ ပဟေဠိနန်းတော်
	၁၈။ ကျန်းမာသုတ
	၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၃၈)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု နေပြည်တော် ရေပန်းဥယျာဉ် တိုးချဲ့ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ဖွင့်လှစ်

နေပြည်တော် မတ် ၂၈

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီက တိုးချဲ့တည်ဆောက်ပြီးစီးသွားသော နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့) (Water Fountain Garden) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့)မုခ်ဦးနေရာ၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မင်္ဂလာအချိန်၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့က နေပြည်တော် ရေပန်းဥယျာဉ် (တိုးချဲ့)ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က Nay Pyi Taw Water Fountain Garden ဆိုင်းဘုတ်ကို လည်းကောင်း၊ မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်က နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့) ဆိုင်းဘုတ်ကိုလည်းကောင်း စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဝန်ကြီးများက ဆိုင်းဘုတ်ကို အမွှေးနံ့သာ ရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူး မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် နေပြည်တော် ရေပန်းဥယျာဉ်(တိုးချဲ့) အတွင်းရှိ ကလေး အားကစားကွင်း၊ Musical Water Dancing နှင့် ရေပန်းများကို လှည့်လည် ကြည့်ရှုကြသည်။

တိုးချဲ့တည်ဆောက်ခဲ့သော နေပြည်တော်ရေပန်းဥယျာဉ်သည် ရာဇသင်္ဂဟ လမ်းမကြီးနှင့် လေးကျိုက်ချောင်း မြောက်ဘက် ဝန်ကြီးဌာနရုံးများသို့ သွားသောလမ်းဘေး၌ တည်ရှိပြီး ဧက ၁၀၀ကျယ်ဝန်းသည်။ ဥယျာဉ်အဝင် မုခ်ဦးကို Steel Structure ဖြင့်တည်ဆောက်ထားကာ အကျယ် ၄၁ပေ၊ အမြင့် ၅၇ပေ ၈လက်မရှိ သုံးထပ်မုခ်ဦး ကြီး ဖြစ်သည်။ မုခ်ဦး တစ်ဖက်စီတွင် အကျယ်ပေ ၂၀ရှိ မုခ်ဦးငယ်နှစ်ခုနှင့် ရှေ့မျက်နှာစာတွင် ရေပန်းအလှများ တပ်ဆင် ထားရှိသည်။ ဥယျာဉ်အတွင်း ၈ ဒသမ ၂၆ ဧက အကျယ်အဝန်းရှိပြီး ရေဂါလန် သန်း ၂၀ ဆံ့ ပင်မရေကန်ကြီးတစ်ကန်၊ လင်းပိုင်ငါးကောင်၊ ရေပန်းကန်တစ်ခု၊ ရေပန်း အလှမျိုးစုံ ငါးခုပါ ရေပန်းကန်ငါးကန်၊ ကလေးကစားကွင်းများ၊ ရေကမ္ဘာလုံး၊ Musical Water Dancing နှင့် မြေနန်း ပြာသာဒ်ဆောင်၊ နားနေဆောင်နှင့်ဥယျာဉ် အတွင်း ကွန်ကရစ်လမ်းများ၊ Buggy လမ်းများ၊ ယာဉ်ရပ်နားရန်နေရာများ၊ ပန်းအလှပင်များဖြင့် အလှဆင်တည်ဆောက် ထားပြီးပင်မရေပန်းဥယျာဉ်ကို ကြိုးတံတား ဖြင့် ဆက်သွယ်ထားရှိသည်။

ယခုအခါ နေပြည်တော် ရေပန်း ဥယျာဉ်ကြီးသည် ၁၆၅ဧက ကျယ်ဝန်းပြီး ဖွင့်ပွဲအပြီးတွင် အားလပ်ရက် ဖြစ်သည့် အားလျော်စွာ အများပြည်သူများနှင့် ဝန်ထမ်း မိသားစုများသည် ရေပန်းဥယျာဉ်အတွင်း အပန်းဖြေအနားယူခြင်း၊ လေ့လာခြင်း၊ လိုက်ချောင်း အတွင်း လှေငယ်စီးခြင်းစသည်ဖြင့် ပျော်ရွှင် စွာ လာရောက်အနားယူကြပြီး ယင်းရေပန်း ဥယျာဉ်ကြီးသည် ရေတံခွန်ကြီးနှင့် ဝေဆာ စွာ တည်ဆောက်ထားသောခေတ်မီရေပန်း ဥယျာဉ်ကြီးတစ်ခုဖြစ်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

အထက(၁)လှိုင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

အထက(၁)လှိုင် ကျောင်းတွင် (၁၉၈၆ခုနှစ် မှ ၁၉၉၄ခုနှစ်)အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မေ ၁ရက် (သောကြာနေ့) အလုပ်သမားနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ အဆိုပါကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

၁၉၈၆ခုနှစ်မှ ၁၉၉၄ခုနှစ်အထိ အထက(၁)လှိုင်ကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများအနေဖြင့်လည်းကောင်း၊ ပညာသင်ကြား တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအနေဖြင့်လည်းကောင်း ဆက်သွယ်အကြောင်းကြားရန်နှင့် ကိုစိန်လွင် ဖုန်း-၀၉-၅၁-၁၁၅၂၀၊ ကိုဝင်းအောင်သန်း ဖုန်း-၀၉-၅၀-၆၈၁၆၂၊ ကိုအောင်ကျော်မိုး ဖုန်း-၅၀၁၄၆၆ (Ext;) ၂၇၅၊ မကျင်ငွေ ဖုန်း-၅၁၆၁၂၀၊ မအေးယုဆွေ ဖုန်း-၀၉-၅၁-၄၈၃၇၃၊ မနွယ်နွယ်ဦး ဖုန်း-၇၂၇၃၃၇၊ ကိုမြင့်မိုရ်သျှမ်း ဖုန်း-၀၉-၅၁-၅၂၇၀၇၊ ကိုကျော်သီဟ ဖုန်း- ၀၉-၅၁-၀၁၂၀၆၊ မမျိုးသီတာ ဖုန်း- ၅၃၄၉၄၃၊ မခင်နှင်းရီ ဖုန်း-၅၁၂၀၀၉နှင့် ကိုအောင်နိုင်ထွန်း ဖုန်း-၀၉-၅၁-၉၂၆၃၃တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖားကန့်မြို့ ရေပေးရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၂၈

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းမှ ရေပေးဝေမှုနှင့် ရေစစ်ကန်မှ ရေဖြန့်ဝေနိုင်မှု အခြေအနေကို ဖေဖော်ဝါရီ ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ ကို ဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို မတ် ၂၄ ရက်က ယောမင်းကြီးရပ်ကွက်၌ ကျင်းပရာ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ထွေးက အမှာစကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်ရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် ရောင်စုံပန်းအလှပင်များ၊ ရောင်စုံမီးဆိုင်းများ၊ ရေပန်းများဖြင့် လှပဝေဆာလျက်ရှိ

နေပြည်တော် မတ် ၂၈

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်ကို အများပြည်သူများ လေ့လာကြည့်ရှုအပန်းဖြေနိုင်ရန် ယနေ့နံနက်မှစတင်၍ ဖွင့်လှစ်ထားရှိသည်။

လှပဝေဆာ

မတ် ၂၇ရက် ညပိုင်းက ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် ရောင်စုံပန်းအလှပင်များ၊ ရောင်စုံမီးဆိုင်းများနှင့် ရေပန်းများကို လှပဝေဆာစွာ တွေ့မြင်ရစဉ်။

(သတင်းစဉ်)

လှပဝေဆာ

တပ်မတော်ပန်းခြံနှင့်ရင်ပြင်တွင် ရောင်စုံပန်းအလှပင်များ၊ ရောင်စုံမီးဆိုင်းများ၊ ရေပန်းများဖြင့် လှပဝေဆာလျက်ရှိသည်။

ဖွင့်လှစ်ထားရှိ

အဆိုပါတပ်မတော်ပန်းခြံနှင့် ရင်ပြင်ကို မတ် ၃၁ရက်အထိ နေ့စဉ် နံနက် ၇နာရီမှ ည ၁၀နာရီအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပ

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူးသည် စစ်ရေးပြစစ်ကြောင်း၏ အလေးပြုခြင်းကို ခံယူသည်။

အလေးပြု

ယင်းနောက် တိုင်းမှူး၊ စစ်ရေးပြစစ်ကြောင်းနှင့် ဧည့်ပရိသတ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြသည်။

ဆက်လက်၍ စစ်ရေးပြစစ်ကြောင်းမှ တပ်မတော်သားများက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းမှူးက ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် တိုင်းမှူးက ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားတို့အား လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြအခမ်းအနား၌ ဆုများရရှိကြသော စစ်ရေးပြတပ်ခွဲများအားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကြီးစက်မှုလက်မှု အထက်တန်းကျောင်း ဆဌမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

တောင်ကြီးမြို့ စက်မှုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂၈ရက် (စနေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံမည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများသည် ဆရာဦးကျော်ချွန် (အငြိမ်းစား) ဖုန်း-၀၈၁-၂၂၉၉၆၊ ဆရာ ဦးသောင်းထွန်း (အငြိမ်းစား) ဖုန်း-၀၁-၇၂၂၅၇၁နှင့် ဆရာဦးစိန်မောင်(အငြိမ်းစား) ဖုန်း-၀၁-၇၀၀၁၉၈ တို့သို့ ဆက်သွယ်နိုင်ပြီး အလှူငွေထည့်ဝင်လိုသူများသည် ဦးစိုးညွန့် ဖုန်း-၀၉-၅၂-၁၄၅၀၁၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၂-၁၃၂၇၆၊ ဦးတင်အောင် ဖုန်း-၀၉-၅၂-၁၁၁၄၆၊ ဦးလှသိန်း ဖုန်း-၀၉-၅၁-၈၂၉၇၅၊ ဦးညိုမင်းဒင် ဖုန်း-၀၁-၂၂၀၃၄၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၁-၈၈၄၂၈၊ ဦးချစ်ထွန်း ဖုန်း-၀၉-၅၀-၁၉၇၇၁၊ ဦးအေးဝင်း ဖုန်း-၀၉-၅၂-၁၀၂၃၇၊ ဦးအောင်မြင့်သိန်း ဖုန်း-၀၉-၂၃-၀၀၅၁၅၊ ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၃၁၂၁၉၊ ဦးသိန်းလွင် ဖုန်း-၀၉-၂၀-၁၈၀၆၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ယာဉ်နှင့်လမ်းစည်းကမ်း ကြီးကြပ်ဆောင်ရွက်

မြစ်ကြီးနား မတ် ၂၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပြေးဆွဲလျက်ရှိသော အနေးယာဉ်များ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဦးစီးအရာရှိ ဦးဂျွန်စယ်၊ ဒုတိယဦးစီးမှူး(စည်းကမ်း) ဦးတင်ကိုကိုနှင့် အဖွဲ့ဝန်ထမ်းများသည် မြစ်ကြီးနားမြို့၌ ပြေးဆွဲလျက်ရှိသော မြင်းလှည်း၊ လက်တွန်းလှည်း၊ ဆိုက်ကားများအား အနေးယာဉ်ပါ စည်းကမ်းချက်များနှင့်အညီ ရှိ၊ မရှိ စစ်ဆေးခြင်း၊ ယာဉ်နှင့် လမ်းစည်းကမ်း အန္တရာယ်ရှင်းလင်းစွာ သွားလာမောင်းနှင်ရေးအတွက် ကွင်းဆင်းဆွေးနွေးခဲ့ကြသည်။

(မြို့နယ်စည်ပင်)

တရုတ်နိုင်ငံတောင်ပိုင်း မကာအိုဒေသရှိ တိဗက်ရိုးရာယဉ်ကျေးမှုပြပွဲတွင် ပြသထားသည့် ငွေထည်ဖြင့် ပြုလုပ်ထားသော ရှေးဟောင်းရေနွေးကရားတစ်ခုကို မတ်၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အစ္စရေးက ဆူဒန်ရှိထရပ်ယာဉ်တန်းအား တိုက်ခိုက် နယူးယောက်တိုင်းမ်သတင်းစာက ရေးသားဖော်ပြ

ဝါရှင်တန် မတ် ၂၈

ဂါဇာကမ်းမြောင်ရှိ ဟားမတ်စ် လက်နက်ကိုင်များသို့ လက်နက်များ ဖြန့်ဖြူးနေသည်ဟု သက်မကင်း ဖြစ်မှုအပေါ် ပိတ်ဆို့နိုင်ရန်အတွက် အစ္စရေးစစ်လေယာဉ်များက ဆူဒန်နိုင်ငံရှိ ထရပ်ကုန်တင်ယာဉ်များ ပါဝင်သည့် မော်တော်ယာဉ်တန်းတစ်ခုအား ဇန်နဝါရီလအတွင်းက တိုက်ခိုက်ခဲ့ကြောင်း သည်နယူးယောက်တိုင်းမ် သတင်းစာက မတ် ၂၇ရက်တွင်ရေးသားလိုက်သည်။

အစ္စရေးက ဟားမတ်စ်အုပ်စုအား ထိုးစစ်ဆင် တိုက်ခိုက်ခဲ့စဉ်အတွင်း ဂါဇာကမ်းမြောင်သို့ လက်နက်များပို့ဆောင် တင်သွင်းမှုရပ်ဆိုင်းစေရန် တိုက်ခိုက်ခဲ့သဖြင့် လူ ၃၀ ထက်မနည်း သေဆုံးခဲ့သည်ဟု အမည်မဖော်လိုသည့် အမေရိကန်သတင်းရပ်ကွက်ကို ကိုးကား၍ သတင်းစာက ရေးသားဖော်ပြသည်။ ရန်သူများအား မည်သည့်နေရာမဆို တိုက်ခိုက်နိုင်သည်ဟု အစ္စရေးဝန်ကြီးချုပ်အီဟွတ်အိုလ်မတ်က ပြောကြားသည်။ သို့ရာတွင် ဆူဒန်နိုင်ငံတွင် တိုက်ခိုက်သည့် ဖြစ်ရပ်ကို အတိအကျပြောကြားခြင်းမရှိပေ။

အီရန်နိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသသို့ လက်နက်များမှောင်ခို ခိုးသွင်းနေမှုတွင်ပါဝင်သည်ဟု လျှို့ဝှက်သတင်းရရှိထားသည့် အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်များက ယုံကြည်ထားကြသည်ဟု ဖော်ပြပါသတင်းစာက ဆက်လက် ရေးသားသည်။ အစ္စလာမ့်စစ်တော်လှန်ရေး အစောင့်တပ်ဖွဲ့များက ယင်းကိစ္စနှင့်ပတ်သက်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် ဆူဒန်နိုင်ငံသို့သွားရောက်ခဲ့သည်ဟု ထောက်လှမ်းရေးသတင်းများအရသိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အင်ဒိုနီးရှားကို ကူညီရန် သမ္မတတိုက်တွန်း

ဂျကာတာ မတ် ၂၈

ကမ္ဘာ့စီးပွားရေးကျဆင်းမှု ဆိုးကျိုးကို သက်သက်သာသာ ရင်ဆိုင်နိုင်ရေးအတွက် အင်ဒိုနီးရှားစီးပွားရေးကို အထောက်အကူပေးကြပါရန် အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား တိုက်တွန်းလိုက်သည်ဟု ဆင်ဟွာသတင်းတွင်ပါရှိသည်။

တိုက်တွန်း

အင်ဒိုနီးရှားရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုသော ကုမ္ပဏီသွန်ကြားရေးမှူးများ၊ ထိပ်တန်းအရာရှိကြီးများနှင့် တွေ့ဆုံစဉ် အင်ဒိုနီးရှားသမ္မတက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။

ထိခိုက်မှုနည်းပါး

အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်ပမာဏမှာ ဂျီဒီပီ၏ ၂၉ရာခိုင်နှုန်းသာရှိသဖြင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် မိမိတို့နိုင်ငံမှာ အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် ထိခိုက်မှုနည်းပါးကြောင်း သမ္မတဆူဆီလိုဘန်ဘန်းက ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဒုံးကျည်ကာကွယ်ရေးစနစ် အစ္စရေးအောင်မြင်စွာ စမ်းသပ်

ဂျေရုဆလင် မတ် ၂၈

အစ္စရေးနိုင်ငံအား အနာဂတ်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်မှုကို အကာအကွယ်ပေးနိုင်မည့် ဒုံးကျည်များ ပစ်ချရေးစနစ်ကို အောင်မြင်စွာ စမ်းသပ်ပြီးပြီဖြစ်ကြောင်း အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနက မတ်၂၆ရက်တွင် ကြေညာလိုက်သည်။

ခြိမ်းခြောက်

ဒုံးကျည်ဖြင့် ပစ်ခတ်မှုမှာ အစ္စရေးနိုင်ငံအတွက် လုံခြုံရေး ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်။ အစ္စရေးနိုင်ငံမြောက်ပိုင်းကို လက်ဘနွန်မှလည်းကောင်း၊ အစ္စရေးနိုင်ငံတောင်ပိုင်းကို ဂါဇာကမ်းမြောင်မှလည်းကောင်း ဒုံးကျည်များဖြင့် ပစ်သည့် ခြိမ်းခြောက်မှုရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ



ဟီကီဂျီမာ ပင်လယ်ငါးပြတိုက်

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရှိ ဟီကီဂျီမာ ပင်လယ်ငါးပြတိုက်အတွင်း တစ်နေရာကို မတ် ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန် မောင်းသူမဲ့လေယာဉ်မှပစ်ခတ်မှု ပါကစ္စတန်၌ ခုနစ်ဦးသေဆုံး

ပက်ရှဝါ(ပါကစ္စတန်) မတ် ၂၈

ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက် လူမျိုးစုများ နေထိုင်ရာဒေသတွင် အမေရိကန်မောင်းသူမဲ့ လေယာဉ်တစ်စင်းက ဒုံးကျည်ဖြင့် ပစ်ခတ်သည်ဟု ယူဆရသည့် တိုက်ခိုက်မှုအတွင်း ပြည်ပနိုင်ငံသားများ အပါအဝင် စစ်သွေးကြွ ခုနစ်ဦးထက်မနည်း သေဆုံးကြောင်း မတ် ၂၅ရက်က ထောက်လှမ်းရေးတာဝန်ရှိပုဂ္ဂိုလ်များနှင့် တာလီဘန် သတင်းရပ်ကွက်က ပြောကြားသည်။

ဖြစ်ပွား

ယင်းတိုက်ခိုက်မှုသည် ပါကစ္စတန်မှ တာလီဘန်ခေါင်းဆောင် ဘိုင်တူလာမီဆွတ်၏ ခြေကုပ်စခန်းဟု လူသိများသော တောင်ပိုင်းဝါဇီရစ္စတန်ဒေသရှိ မာကင်းမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သတင်းရရှိ

စစ်သွေးကြွများ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး ဒုံးကျည်ဖြင့် အပစ်ခံရသည့်သတင်းရရှိပြီး သေဆုံးသူများတွင် နိုင်ငံခြားသားအချို့ ပါဝင်ကြသည်ဟု ယင်းဒေသရှိ ထောက်လှမ်းရေးတာဝန်ရှိပုဂ္ဂိုလ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့လေကြောင်းဌာနများ၏ ဆုံးရှုံးမှု
၂၀၀၉ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄ဒသမ၇ ဘီလီယံရှိနိုင်

ဂျီနီဗာ မတ် ၂၈

ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးကျဆင်းနေမှုကြောင့် ကမ္ဘာ့လေကြောင်းဌာနများအနေဖြင့် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ဒသမ၇ဘီလီယံ ဆုံးရှုံးမည်ဖြစ်ကြောင်း နိုင်ငံတကာလေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့(အိုင်အေတီအေ)က မတ် ၂၇ရက်တွင် ပြောကြားသည်။

ခန့်မှန်းထား

အဆိုပါ လေကြောင်းဌာနများက ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ၅ဘီလီယံဆုံးရှုံးခဲ့သည်ဟု ဂျီနီဗာ၌အခြေစိုက်သည့်ဖော်ပြပါအဖွဲ့က ခန့်မှန်းထားသည်။ ယင်းလေကြောင်းဌာနမှ ရရှိသည့်ဝင်ငွေသည် ၁၂ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ငွေပမာဏအားဖြင့် ဒေါ်လာ ၄၆၇ ဘီလီယံဖြစ်သည်ဟု ယင်းအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အားရဖွယ်မရှိ

လက်ရှိကာလတွင် လေကြောင်းဌာနများ၏ စီးပွားရေးအခြေအနေသည် အားရဖွယ်မရှိကြောင်း၊ ကမ္ဘာ့စီးပွားရေးကျဆင်းနေမှုနှင့်အတူ လေယာဉ်စီးခရီးသည်ဦးရေသည် အလျင်အမြန်ကျဆင်းကာ တစ်စထက်တစ်စ ဆိုးရွားခဲ့ကြောင်း အိုင်အေတီအေညွှန်ကြားရေးမှူးချုပ် ဘီဆစ်နာနီက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဒုတိယဝန်ကြီးချုပ် အဗ္ဗဒူရာဇတ် ယူအမ်အင်န်အိုပါတီ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရ

ကွာလာလမ်ပူ မတ် ၂၈

မလေးရှား ဒုတိယဝန်ကြီးချုပ် နဂျစ်တွန်အဗ္ဗဒူရာဇတ်အား ညီညွတ်သော မလေးအမျိုးသားအဖွဲ့ပါတီ (ယူအမ်အင်န်အို)၏ ဥက္ကဋ္ဌသစ်အဖြစ် မတ်၂၆ရက်က ကြေညာလိုက်ကြောင်း ဘာနားမားသတင်းဌာနက ဖော်ပြသည်။ ပူထရာကမ္ဘာ့ကုန်သွယ်ရေးဌာန (ပီဒဗလျူတီစီ)၌ လောလောဆယ် ကျင်းပလျက်ရှိသော ပါတီညီလာခံတွင် ပါတီဥက္ကဋ္ဌသစ်အဖြစ် နဂျစ်တွန်အဗ္ဗဒူရာဇတ်အား ရွေးချယ်လိုက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တစ်မိနစ်လျှင် ၉၇ ကြိမ် ဒိုက်ထိုးနိုင်သည့် အမျိုးသမီးကြီး

ပေကျင်း မတ် ၂၈

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူမြို့ရှိ အသက်၆၃နှစ်အရွယ် ဟောင်တီလန်အမည်ရှိ အမျိုးသမီးတစ်ဦးမှာ တစ်မိနစ်အတွင်း ၉၇ကြိမ်ဒိုက်ထိုးနိုင်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ဒိုက်ထိုးသည့် လေ့ကျင့်ခန်းကို ၂၀၀၂ခုနှစ်မှ စတင်ကာ နေ့စဉ်ရက်ဆက်လေ့ကျင့်ခဲ့ကြောင်း၊ နံနက်တိုင်း လေ့ကျင့်ချိန်မှာ တစ်နာရီမှ နှစ်နာရီအတွင်း ကြာမြင့်ကြောင်း သူမက ပြောကြားသည်။

ဒိုက်ထိုးနည်းများကို ဝမ်ဂျီယူဆိုသည့် အမျိုးသားတစ်ဦးထံမှ သင်ကြားခဲ့ခြင်းဖြစ်သည်။ ဝမ်ဂျီယူမှာ တစ်မိနစ်အတွင်း ဒိုက်ထိုးမှုအကြိမ် ၁၀၀ပြုလုပ်နိုင်သူတစ်ဦးဖြစ်သည်။ ဟောင်တီလန်အနေဖြင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူ၏ဆရာဖြစ်သူ ဝမ်ဂျီယူအား စိန်ခေါ်နိုင်သည်အထိ စိတ်ဆန္ဒရှိကြောင်းဖြင့်လည်း ဆင်ဟွာသို့ ပြောကြားခဲ့သည်။ (အင်တာနက်)

မြစ်ထဲပြုတ်ကျသည့် ကလေးငယ်အား ၈၄နှစ်အရွယ် အဘွားအိုကယ်တင်နိုင်ခဲ့

ပေကျင်း မတ် ၂၈

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ဂျီနန်မြို့အနီးကျေးရွာရှိ မြစ်တစ်ခုကို ဖြတ်ကျော်တည်ဆောက်ထားသည့် တံတားငယ်တစ်ခုပေါ်၌ ငါးနှစ်သားအရွယ် ကလေးငယ်တစ်ဦးမှာ ဆော့ကစားရင်း မြစ်အတွင်းပြုတ်ကျခဲ့ရာ ၈၄နှစ်အရွယ် အဘွားအိုတစ်ဦးက ကယ်ဆယ်ခဲ့ကြောင်း ဆင်ဟွာက မတ် ၂၇ရက်တွင် ရေးသားဖော်ပြလိုက်သည်။

ကလေးငယ်မှာ ဆော့ကစားရင်း မြစ်ထဲသို့ သူငယ်ချင်းဖြစ်သူ တွန်းချမှုကို ခံရခြင်းကြောင့် အဘွားအိုမှာ ကလေးငယ်မြစ်အတွင်းသို့ ပြုတ်ကျသဖြင့် အလျင်အမြန် သွားရောက် ကယ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကုန်တင်လေယာဉ် ဘရာဇီး၌ အင်ဂျင်ပြုတ်ကျ

ရီယိုဒီဂျနေးရိုး မတ် ၂၈

ကိုလံဘီယာနိုင်ငံသို့ ဦးတည်ပျံသန်းလာသည့် အမေရိကန်အခြေစိုက် ဒီစီ-၁၀ ကုန်တင်လေယာဉ်မှာ မတ် ၂၆ ရက်က ဘရာဇီးနိုင်ငံ မားနိုစ်မြို့ရှိ အီဒရာဒိုရမ်းစ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပျံသန်းပြီး မကြာမီ အင်ဂျင်အစိတ်အပိုင်းအချို့ ပြုတ်ကျမှုဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာက ရေးသားဖော်ပြသည်။

ပျက်စီး

လေယာဉ်မှာ ကိုလံဘီယာနိုင်ငံသို့ ဆက်လက်ပျံသန်းခဲ့သော်လည်း အင်ဂျင်အစိတ်အပိုင်းအချို့ ပြုတ်ကျခဲ့မှုကြောင့် နေအိမ် ၂၂လုံးနှင့် မော်တော်ကားတစ်စီးမှာ အနည်းငယ်ပျက်စီးသွားခဲ့ကြောင်း**(ယာပုံ)** အာဏာပိုင်များက ပြောကြားသည်။

(အင်တာနက်)

လက်ဖက်နှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စစ်ဆေးလျက်ရှိသည်။

ဈေးကွက်များတွင်ရောင်းချလျက်ရှိသော လက်ဖက်များကို ဓာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါလက်ဖက်အမှတ်တံဆိပ်များ၌ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော အဝါရောင်ဆိုးဆေး(Auramine O)ပါဝင်ကြောင်း တွေ့ရှိရသည်။

Auramine O သည် ချည်၊ သိုးမွေး၊ ပိုးထည်၊ စက္ကူ၊ သားရေများကိုအရောင်ဆိုးသော ဓာတုပစ္စည်းဖြစ်သည်။ စားသုံးသူများအား လတ်တလောအဆိပ်အတောက်မဖြစ်စေသော်လည်း ရေရှည်တွင် အသည်းနှင့်ကျောက်ကပ်ရောဂါဖြစ်စေခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်း၊ ကင်ဆာရောဂါဖြစ်စေခြင်းတို့ကြောင့် Auramine O ပါဝင်သောလက်ဖက်များသည် စားသုံးရန်မသင့်ကြောင်း အသိပေးအပ်သည်။

အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော အဝါရောင်ဆိုးဆေး (Auramine O) တွေ့ ရှိရသည့် အမှတ်တံဆိပ်/လုပ်ငန်းများနှင့် လက်ဖက်အမျိုးအစားများ

စဉ်	အမှတ်တံဆိပ်/လုပ်ငန်း	လက်ဖက်အမျိုးအစားများ
၁။	ပါရမီရှင်	လက်ဖက်အသား လက်ဖက်အသားနှပ် လက်ဖက်ချဉ်စပ်နှပ်
၂။	ရီမွန်	ဇယန်းနှပ်ချဉ်စပ် လက်ဖက်ချဉ်စပ်နှပ်
၃။	နဝရတ်	လက်ဖက်အသား လက်ဖက်ချဉ်စပ် ချင်းချဉ်စပ် မန်ကျည်းချဉ်စပ်
၄။	သက်လွင်လက်ဖက်ရောင်းဝယ်ရေး	လက်ဖက်အသား
၅။	ပွဲတော်အုပ်	လက်ဖက်အညွန့်နှပ်
၆။	အမာသန်း	လက်ဖက်အညွန့်
၇။	ကျော် လက်ဖက်စို၊ လက်ဖက်ခြောက်၊အကြော်စုံလုပ်ငန်း	လက်ဖက်အသား
၈။	အိုက်ထွန်း	လက်ဖက်အညွန့်နှပ် လက်ဖက်အသား ချင်းချဉ်စပ် လက်ဖက်ချဉ်စပ်
၉။	အောင်	ရှူးရှဲလက်ဖက်နှပ် ဇယန်းလက်ဖက်နှပ်
၁၀။	ရွှေဆင်ပျံ	လက်ဖက်အသား လက်ဖက်ချဉ်စပ်
၁၁။	စည်သူမောင်	ရှူးရှဲနှပ် လက်ဖက်အသား မန်ကျည်းချဉ်စပ် ချင်းချဉ်စပ် ဇယန်းနှပ်
၁၂။	ရွှေပြည်ဦး	လက်ဖက်အညွန့်နှပ် ချင်းချဉ်စပ် လက်ဖက်ချဉ်စပ် လက်ဖက်ရှူးရှဲနှပ်
၁၃။	မန္တလာမေ	လက်ဖက်ချဉ်စပ် လက်ဖက်အသား စောင်းလျားချဉ်စပ်
၁၄။	ရွှေတောင်မြင့်	ဇယန်းရှူးရှဲလက်ဖက်နှပ် ဇယန်းလက်ဖက်ညွန့်နှပ် ဇယန်းကြက်ခြေနီ
၁၅။	ရွှေဝါဖူး	လက်ဖက်အသား လက်ဖက်ချဉ်စပ် လက်ဖက်အသားနှပ်
၁၆။	ဝါဖူး	လက်ဖက်အသား လက်ဖက်ချဉ်စပ် လက်ဖက်ချင်း
၁၇။	နန်းရွှေစင်	လက်ဖက်ချဉ်စပ်
၁၈။	မိုးကုတ်ပဒေသာ	လက်ဖက်ညွန့်နှင့် နှစ်ပြန်ကြော် လက်ဖက်ချဉ်စပ်
၁၉။	အထက်တန်းထွေးထွေး မြန်မာ့ရိုးရာစားစရာများ	လက်ဖက်အသား
၂၀။	ရွှေဖူး	လက်ဖက်အညွန့်နှပ် မန်ကျည်းချဉ်စပ်နှပ် လက်ဖက်အသား ချဉ်စပ်လက်ဖက်နှပ်
၂၁။	မြမြင့်မိုရ်	လက်ဖက်အသားချဉ်စပ်(ဇယန်းနှပ်) လက်ဖက်ချဉ်စပ်နှပ်(ဆီပါ) လက်ဖက်အသား လက်ဖက်ချဉ်စပ်နှပ် စောင်းလျားချဉ်စပ်
၂၂။	ရှမ်းရွှေတောင်	ရှူးရှဲနှပ်
၂၃။	ရွှေမန်းမေ	ချင်းချဉ်စပ် လက်ဖက်ရှူးရှဲနှပ် မန်ကျည်းချဉ်စပ် လက်ဖက်အသားနှပ်
၂၄။	မင်းမင်း	လက်ဖက်အသား စောင်းလျားချဉ်စပ် လက်ဖက်အသားနှပ် ချင်းချဉ်စပ် လက်ဖက်နှင့်အကြော်စုံ
၂၅။	မြသီတာဦး	လက်ဖက်အသား လက်ဖက်ချဉ်စပ် ချင်းလက်ဖက်
၂၆။	နမ့်ဆန်(အေးအေးမြင့်)	လက်ဖက်ချဉ်စပ်အညွန့် လက်ဖက်ရှူးရှဲအညွန့်နှပ် လက်ဖက်အသားနှပ်
၂၇။	ဗိုလ်အုန်းသီး	လက်ဖက်ချဉ်စပ် ချင်းချဉ်စပ် လက်ဖက်အသား
၂၈။	လှ လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်း	လက်ဖက်အသား
၂၉။	မဒေါင်းရီ	လက်ဖက်အသားနှပ် လက်ဖက်ချဉ်စပ်
၃၀။	ဝင်းသန်း	ဇယန်းလက်ဖက်နှပ် လက်ဖက်ချဉ်စပ် လက်ဖက်အသား(အပြာရောင်တံဆိပ်) လက်ဖက်အသား(အဝါရောင်တံဆိပ်)
၃၁။	အေးမြတ်မွန်	လက်ဖက်အသား လက်ဖက်ချဉ်စပ်
၃၂။	အောင်မြင်	လက်ဖက်အသား
၃၃။	မြင်းပျံ	လက်ဖက်အသား ချင်းလက်ဖက် လက်ဖက်ချဉ်စပ်(ရှယ်) လက်ဖက်ချဉ်စပ်(ရိုးရိုး)
၃၄။	ဦးဘရီ	လက်ဖက်အသား စောင်းလျားချဉ်စပ် လက်ဖက်ချင်း
၃၅။	မျိုးမျိုး	လက်ဖက်အသား လက်ဖက်ချဉ်စပ် ချင်းလက်ဖက်
၃၆။	ရွှေဇီးကွက်	လက်ဖက်အသား
၃၇။	ချိုချိုပိုပို	လက်ဖက်အသား စောင်းလျားချဉ်စပ် လက်ဖက်အသားနှပ် လက်ဖက်ချဉ်စပ်နှပ်
၃၈။	ဆွေဆွေ	လက်ဖက်အသား လက်ဖက်အသားချဉ်စပ် ချင်းချဉ်စပ် လက်ဖက်အညွန့်ရှူးရှဲနှပ်
၃၉။	သီဟ	ရှူးရှဲနှပ်နှင့် နှစ်ပြန်ကြော်
၄၀။	ရွှေလမင်း	လက်ဖက်အညွန့်ချဉ်စပ် လက်ဖက်ချဉ်စပ် ချင်းချဉ်စပ်
၄၁။	နှင်းတောင်	လက်ဖက်ချဉ်စပ် ချင်းချဉ်စပ်
၄၂။	ရွှေမြန်မာ	ဇယန်းလက်ဖက်ချဉ်စပ်
၄၃။	မို	လက်ဖက်အသား စောင်းလျားချဉ်စပ်နှပ်
၄၄။	ဝါဆို	လက်ဖက်အသား လက်ဖက်အသားနှပ် လက်ဖက်ချဉ်စပ်နှပ်
၄၅။	တော်ဝင်	လက်ဖက်အသား လက်ဖက်ဇယန်းနှပ် လက်ဖက်ချဉ်စပ်နှပ်
၄၆။	ရွက်နုဝေ	လက်ဖက်နှပ်
၄၇။	အေးအေးစံ	လက်ဖက်ချဉ်စပ်နှပ်
၄၈။	ဆောင်းချယ်ရီ	လက်ဖက်အသား
၄၉။	စိန်ကျော်	လက်ဖက်အသား လက်ဖက်ချဉ်စပ်
၅၀။	လကမ္ဘာ	လက်ဖက်ချဉ်စပ်
၅၁။	ရွှေနန်းတော်	လက်ဖက်အသားနှပ် လက်ဖက်အသား လက်ဖက်ချဉ်စပ်
၅၂။	မြ	လက်ဖက်နှပ်(အချို) လက်ဖက်နှပ်ချဉ်စပ် လက်ဖက်အသား လက်ဖက်အသား၊ ချဉ်စပ်
၅၃။	သီပေါ	လက်ဖက်အသား လက်ဖက်အသားနှပ်
၅၄။	ရွှေဝါဝင်း	လက်ဖက်ချဉ်စပ် လက်ဖက်ချဉ်စပ်နှပ်(ဆီပါ) လက်ဖက်အသား လက်ဖက်အသားနှပ်
၅၅။	စိမ်းဝါဖူး	လက်ဖက်အညွန့်ရိုးရိုး လက်ဖက်ချဉ်(ရိုးရိုး) ချင်းလက်ဖက်
၅၆။	ဂန္ဓမာ	လက်ဖက်အသား
၅၇။	နွေသစ်ဦး	လက်ဖက်အသား လက်ဖက်နှပ်(ချဉ်စပ်)

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား

၂၉-၃-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း
၈:၂၀ ၈။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၃၄)
၁၂:၅၅ ၆။ မြန်မာဗီဒီယို **ငါးနာရီမထိုးခင်** ဒွေး၊ နန္ဒာလှိုင် (ဒါရိုက်တာ-ညိုမင်းလွင်)
၁၄:၄၅ ၇။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄:၃၀ ၄။ သက်တံရောင်သံစဉ်
၄:၄၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၈။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၂၀ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"
၆:၅၅ ၁၃။ တစ်မျက်နှာတစ်ကွက်စာ **သတ္တိရှိတဲ့မောင်ထုံ** ကင်းကောင်၊ လုလု၊ ရိုတ၊ ခိုင်ပွင့်၊ လေပြေ (ဒါရိုက်တာ-ကျော်နှင်းဆီ)
၇:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား** (အပိုင်း-၂)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ပြည်သူ့အတွက် တပ်မတော် (လမ်းနှင့်တံတားနိုင်ငံ့အား)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၂၂)

စက်မှုတက္ကသိုလ် မြို့ပြကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

၁၉၈၇ ခုနှစ်နှင့် ၁၉၉၁ခုနှစ် စက်မှုတက္ကသိုလ်(မြို့ပြ)ကျောင်းဆင်း ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဧပြီ ၄ရက် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် ပူဇော်ပွဲအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လိုသူများသည် ကိုသန်းဝင်း ဖုန်း-၀၉-၅၀-၁၇၄၂၅၊ ကိုကိုထွေး ဖုန်း-၀၉-၅၁-၇၉၁၁၀၊ ကိုကိုအေး ဖုန်း-၀၉-၅၁-၁၉၀၇၀၊ ဒေါက်တာဉာဏ်မြင့်ကျော် ဖုန်း-၀၉-၅၀-၃၃၅၅၈၊ ကိုဌေးဝင်း ဖုန်း-၀၉-၅၀-၄၇၃၆၀၊ ကိုစန်းကြူ ဖုန်း-၀၉-၅၀-၅၂၂၀၀၊ ကိုအောင်ကျော်လွင် ဖုန်း-၀၉-၂၀-၄၄၂၀၄၊ ကိုခင်ဇော်ဝင်း ဖုန်း-၀၉-၂၀-၀၂၃၈၃၊ မချိုချိုသင်းကြည် ဖုန်း-၆၄၄၉၈၇၊ မရီရီခင် ဖုန်း-၀၉-၅၀-၀၃၂၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည့်အပြင် နီးစပ်ရာစာသင်နှစ်အလိုက် ဆရာ၊ ဆရာမများအား လှူဒါန်းလိုသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများလည်း ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ပူတာအို၌ စာကြည့်တိုက်တည်တံ့ရေး ဟောပြော

ပူတာအိုမြို့နယ် ပမ္မတီးကျေးရွာအုပ်စု နမ်ရှယ်ကျေးရွာ ရမေချီစာကြည့်တိုက်တွင် ဖေဖော်ဝါရီ၂၆ရက် နံနက် ၁၁နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်ဆန်ခင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောရာ စာကြည့်တိုက်ကော်မတီနှင့် စာဖတ်ဝါသနာရှင်များ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မန္တလေး၌ အသေးစားချေးငွေ အလုပ်ရုံဆွေးနွေး

မန္တလေးတိုင်း သမဝါယမဦးစီးဌာန အသေးစားချေးငွေလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို မတ်၃ရက် နံနက်က မန္တလေးတိုင်းသမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အထက်မြန်မာပြည် သမဝါယမတာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ဖြူ တက်ရောက် အမှာစကားပြောကြားပြီး အသင်းပေါင်း၂၆သင်းမှ တာဝန်ရှိသူများက အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်ချက်များအပေါ် ညွှန်ကြားရေးမှူးက ပြန်လည်ဆွေးနွေးသည်။

(ဝ၉ဝ)

စာကြည့်တိုက်ရေရှည်တည်တံ့ရေး ကျေးရွာများသို့ ကွင်းဆင်း

မချမ်းဘောမြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးယုံခမင်သည် မတ်၈ရက်မှ ၁၃ရက်အထိ မလိခမြစ်ရိုးတစ်လျှောက် ကောင်းမှုလုံအုပ်စုနှင့် မန်နီအုပ်စုအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ရောက်ရှိပြီး စာကြည့်တိုက်မှူး၊ စာကြည့်တိုက်ကော်မတီများနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် ကွင်းဆင်း ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနား၌ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးများဖြစ်သော ခေတ်မီနှစ်ထပ်ဈေး၊ အမှတ်(၂)ဈေးနှင့် ရေစင်တွင်းဈေးများအား ကျန်းမာသန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေးအတွက် ဖေဖော်ဝါရီ ၂၈ရက်က မြို့တာဝန်ခံအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဇော်မိုးနှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသသည်။ ***(မြို့နယ်စည်ပင်)***

ဟုမ္မလင်း၌ ဂေါက်ရိုက်ပြိုင်ပွဲဆုချီးမြှင့်

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် ညနေ ၆ နာရီက ဥရုဂေါက်ကလပ်ရှေ့၌ကျင်းပရာ တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး အခမ်းအနားသို့ မြို့နယ်အတွင်းရေးမှူး ဦးငွေဦးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဂေါက်သီးအားကစားသမားများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ်စည်ပင် တံတားပြုပြင်

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၆)ရပ်ကွက် ၇ လမ်းထိပ်ရှိ အုတ်ခုံခံ သစ်သားတံတားပြုပြင်မှုနှင့် ချဉ်းကပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းအင်ဂျင်နီယာ ဒေါ်တင်မာအေးနှင့်အဖွဲ့ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။ ***(မြို့နယ်စည်ပင်)***

နွားထိုးကြီး၌ မူခင်းကျဆင်းရေး ဟောပြော

နွားထိုးကြီးမြို့နယ်အတွင်း မူခင်းများ ပပျောက်ရေးအတွက် မြို့နယ် ရဲတပ်ဖွဲ့မှ မူခင်းကျဆင်းရေးဟောပြောပွဲများကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂၄ရက် နံနက် ၁၀နာရီက လက်ဝဲမြင်းနီးကျေးရွာအုပ်စု၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်း ဟောပြောရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်သူဦးကြီးများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

(ဝ၉၅)

ညောင်ရွှေ၌ စည်ပင်လုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သည် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မတ် ၆ရက်က လမ်းမတော်လမ်းဘေးရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်သရိုက်ဆယ်ယူနေမှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်က ကြီးကြပ်ဆောင်ရွက်ပေးသည်။

(ဝ၂၁)

ရေစကြို အထူးဈေးရောင်းပွဲဖွင့်

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ရေစကြိုမြို့ အမှတ်(၅)ရပ်ကွက် ဘုရားသုံးဆူပွဲတော်ကွင်း၌ ကျင်းပရာ ရေစကြိုမြို့နယ် ဥက္ကဋ္ဌ ဦးမြငွေနှင့် မကွေးတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးဦးချစ်သောင်းတို့က ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အထူးဈေးရောင်းပွဲတော်ကို မတ် ၁၃ရက်မှ ၁၉ရက်အထိ ရောင်းချပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ဖားကန့်မြို့နယ် လုံးခင်း ဒီဂျစ်တယ်အော်တိုအိတ်ချိန်း

ဆက်သွယ်ရေး/စာတိုက်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၂၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ်၁၇ရက်က ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းဒီဂျစ်တယ်အော်တိုအိတ်ချိန်း ဖွင့်ပွဲသို့တက်ရောက်ပြီး အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် ဝန်ကြီးသည် အဝေးဆက်သွယ်မှုများ စမ်းသပ်ခေါ်ဆိုပြီး အော်တိုအိတ်ချိန်းစက်ခန်းနှင့် D-AMPS Cellular စနစ် စက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ဖားကန့်မြို့ ဆိပ်မူကျေးရွာအုပ်စု ဥရုချောင်းရေကြီးနစ်မြုပ်မှု တားဆီးကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံဖြင့် ဥရုချောင်းရေစီးရေလာ ကောင်းမွန်စေရေး စီမံတည်ဆောက်ထားရှိမှုနှင့် ရေတားတမံ မြေဖို့ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆိပ်မူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးသည် အင်းတော်ကြီးဒေသ လုံးတုံကျေးရွာ ရွှေမင်္ဂလာရေလယ်စေတီတော်မွေ့ရာ၌ ကျေးရွာမှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအားလည်းကောင်း၊ ဟိုပင်မြို့၌ မြို့ပေါ်ရှိ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား လည်းကောင်း တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးသည် မိုးညှင်း အော်တိုအိတ်ချိန်း၌ အသစ်တပ်ဆင်ထားသည့် CDMA-450 စက်ခန်း၊ D-

AMPS Cellular စက်ခန်းနှင့် အိတ်ချိန်းစက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးညှင်းမြို့ရှိ တာဝန်ရှိသူများနှင့်မြို့မိမြို့ဖများအား တွေ့ဆုံသည်။

တည်ဆောက်ပြီးစီးမှု

ဝန်ကြီးသည်မတ်၁၈ရက်တွင်မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် စီမံကိန်း မြို့သစ်ဧရိယာသို့ ရောက်ရှိကာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောက်လုပ်နေသည့် သဲရေစစ်ကန်နှင့် ရေလှောင်ကန် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆောက်လုပ်ထားရှိမှု

ယင်းနောက် ဝန်ကြီးသည် ရတနာပုံမြို့သစ် Soft Base Factories နေရာ၌ ကုမ္ပဏီများမှ စက်ရုံ၊ အလုပ်ရုံများ ဆောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး Incubation Centre အတွင်း Fisca ကုမ္ပဏီမှ အိတ်ချိန်းစက်ပစ္စည်းများတပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြားဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးသည် ရတနာပုံ တယ်လီပို့ အဆောက်အအုံအစည်းအဝေးခန်းမ၌ တယ်လီပို့မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု

ကျောက်ပန်းတောင်းမြို့နယ် စည်ပေါက်ကန်ကျေးရွာ စက်ရေတွင်းဖွင့်

နေပြည်တော် မတ် ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် မတ် ၂၁ရက်က ကျောက်ပန်းတောင်းမြို့နယ် စည်ပေါက်ကန်ကျေးရွာ၌ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း ကျောက်ပန်းတောင်းမြို့နယ် စည်ပေါက်ကန်ကျေးရွာ၌ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် စက်ရေတွင်းဖွင့်ပွဲတွင် ရေစည်ထည့် ရေဘားကို ဖွင့်လှစ်ပေးစဉ်။ (ဘဏ္ဍာ/အခွန်)

အခမ်းအနားတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်က စက်ရေတွင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးသိန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဘမြင့်နှင့် စည်ပေါက်ကန်ကျေးရွာ ဥက္ကဋ္ဌ ဦးကြည်သိန်းတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တပျော်တပါး

ဆက်လက်၍ဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်

မြင့်စိုးနှင့် စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်တို့က ဂါလန် ၅၀၀၀ဆံ့ အုတ်ရေကန်မှ ရေပိုက်ခေါင်းများကို ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးက ရေစည်ထည့် ရေဘားကို ဖွင့်လှစ်ပေးရာ ဒေသခံပြည်သူများက ရေများကို သယ်ယူကြသည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် မင်္ဂလာမဏ္ဍပ်၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဝမ်းမြောက်

စည်ပေါက်ကန်ကျေးရွာ စက်ရေတွင်းကိုနိုင်ငံတော်၏ ထောက်ပံ့ငွေဖြင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ စတင်တူးဖော်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ လေးလက်မပိုက်မှရေချိုရေကောင်းတစ်နာရီ ဂါလန် ၁၈၀၀ ခန့် ထွက်ရှိနေပြီဖြစ်သဖြင့် သောက်သုံးရေရှားပါးသည့် စည်ပေါက်ကန် ကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဦးလွင်မြို့ အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

(၁၆)ကြိမ်မြောက် ပြင်ဦးလွင် အထက(၁)အာစရိယပူဇော်ပွဲကို ဧပြီ ၂၆ ရက်တွင် အထက(၁) ရှောဝတီခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးအုန်းချို ဖုန်း-၀၈၅-၂၂၃၉၀၊ ဒေါ်ခင်လေးမာ ဖုန်း-၀၈၅-၂၁၄၂၄၊ ဦးမျိုးတင့် ဖုန်း- ၀၈၅-၂၁၉၇၀၊ ဦးသိန်းဝင်း ဖုန်း-၀၈၅-၂၃၁၃၆၊ ဦးအောင်ကျော်မိုး ဖုန်း-၀၈၅-၂၁၆၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဝိုင်းမော်၌ ကြက်ခြေနီသင်တန်းဖွင့်

ဝိုင်းမော် မတ် ၂၈

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် တွဲဖက်အလယ်တန်းကျောင်းတွင် မတ် ၉ရက်နံနက် ၉နာရီက ကြက်ခြေနီရှေးဦးပြုစုခြင်းသင်တန်း (၁/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ရင်းမှူး ဒုတိယရဲမှူးမြင့်သိန်းဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေများပေးအပ်ရာ ဒုတိယရဲမှူးမြင့်သိန်းဦးက လက်ခံယူသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာမည်ဖြစ်ကြောင်း သိရသည်။(မြို့နယ် ပြန်/ဆက်)

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ကန့်ဘလူ၌ဆွေးနွေး

ကန့်ဘလူ မတ် ၂၈

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ပညာပေးဆွေးနွေးပွဲကို မတ် ၁၀ ရက် နံနက် ၁၀ နာရီက ကန့်ဘလူမြို့ မဟာရွှေစည်ကြီး သာသနာ့ဗိမာန်၌ကျင်းပရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုန်းချိုနှင့် ခရိုင်အဆင့် ဦးစီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးကြသည်။ (ဝ၂၇)

ကျန်းမာရေးဝန်ကြီးဌာနနှင့် မြို့မိမြို့ဖများ ပူးပေါင်း ဖြူးမြို့နယ်ဆေးရုံ၌ မျက်စိအခမဲ့ခွဲစိတ်ကုသပေး

နေပြည်တော် မတ် ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မတ်၂၀ရက် နံနက်ဂနာရီခွဲက ဖြူးမြို့နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြို့မိမြို့ဖများ ပူးပေါင်းဆောင်ရွက်သော မျက်စိအခမဲ့ကွင်းဆင်း ခွဲစိတ်ကုသမှုအဖွဲ့၏ မျက်စိအခမဲ့ခွဲစိတ်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးကာ မျက်စိခွဲစိတ်ပြီး လူနာများအား မျက်မှန်များ အခမဲ့တပ်ဆင်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မျက်စိဝေဒနာရှင်များ၊ မျက်စိအထူးကုဆရာဝန်ကြီးများ၏ မျက်စိရောဂါ စမ်းသပ်စစ်ဆေးနေမှုများ၊ အသုံးပြုသည့်ခွဲစိတ်ကိရိယာများ၊ သူနာပြုများ လုပ်ငန်းဆောင်ရွက်မှုနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေး အားပေးသည်။

ဖြူးမြို့နယ် မျက်စိအခမဲ့ကွင်းဆင်း ခွဲစိတ်ကုသမှုလုပ်ငန်းကို ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာတင်ဝင်း ဦးဆောင်၍ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မျက်ခမ်းစပ်/မျက်မမြင်)ဒေါက်တာ ဒေါ်ခင်ငြိမ်းလင်း၊ မျက်စိအထူးကု ဆရာဝန်ကြီး(အငြိမ်းစား)ဒေါက်တာ ကံညွန့်နှင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ၂၀၊ သူနာပြု ၁၁ဦး၊ မျက်မှန်ကျွမ်းကျင်သူနှင့် အင်ဂျင်နီယာ သုံးဦးတို့ ပါဝင်၍ ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ခြင်းဖြစ်သည်။

လာရောက်ပြသ

ယင်းသို့ ကုသမှုပေးရာတွင် ဖြူး၊ ကညွတ်ကွင်း၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ကျောက်ကြီး၊ ပဲနွယ်ကုန်း၊ တောင်ငူနှင့် အုတ်တွင်းမြို့နယ်များရှိ ကျေးရွာများမှ ပြည်သူများ လာရောက်ပြသကြပြီး မတ်၁၉ရက်မှ ၂၁ရက်အထိ သုံးရက်တိုင် ကုသပေးခဲ့သည်။

ဆောင်ရွက်ပေး

မတ်၁၉ရက်တွင် ပြင်ပလူနာဌာနသို့ လာရောက်ပြသသူ ၁၂၆၉ဦး၊ မျက်စိအခမဲ့ ခွဲစိတ်ကုသပေးခဲ့သူ ၂၂၀၊ မျက်မှန်အခမဲ့ တပ်ဆင်ပေးခဲ့သူ ၆၂၅ဦးရှိပြီး အထွေထွေရောဂါ စမ်းသပ်ကုသမှုကိုလည်း ဆောင်ရွက်ပေးခဲ့ကြသည်။

ဖြည့်ဆည်း

ယင်းနောက် ဝန်ကြီးသည် ကညွတ်ကွင်းတိုက်နယ်ဆေးရုံ၊ ပဲနွယ်ကုန်းတိုက်နယ်ဆေးရုံ၊ ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၊ ပွန်တန်ဆာမြို့နယ် တိုက်နယ်ဆေးရုံ၊ ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနား မရမ်းကုန်းမြို့နယ်၌ကျင်းပ

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ကြီးကြပ်မှုဖြင့်(World TB Day 2009) ၂၀၀၉ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၃ရက် မွန်းတည့် ၁၂နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်လူမှုရေးအဖွဲ့ အသီးသီးမှ ပုဂ္ဂိုလ်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် တီဘီရောဂါဝေဒနာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးဟောပြော

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်အရာရှိ ဒေါက်တာဦးသန့်ဇင်ထွန်းက ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ကျင်းပရခြင်းအကြောင်းကိုလည်းကောင်း**(အပေါ်ပုံ)**၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်အေးအေးမျိုးနှင့် ကျန်းမာရေးဆရာမ ဒေါ်ခင်ဖုန်းတင့်တို့က တီဘီရောဂါကာကွယ်ခြင်း၊ ကုသမှုခံယူခြင်း အကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ပေးအပ်

ဆက်လက်၍ တီဘီဝေဒနာရှင် ၂၀ အား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။ **(၁၁၁)**

(19th)Singha Thailand Ladies Amateur Open & Inter Club Team Championship ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာလူငယ်အသင်း ပထမဆုနှစ်ဆုရရှိ

ရန်ကုန် မတ် ၂၈

၂၀၀၉ခုနှစ် မတ်၁၈ရက်မှ ၂၀ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိဗန်ကောက်ဂေါက်ကလပ်၌ ကျင်းပသော (19th) Singha Thailand Ladies Amateur Open & Inter Club Team Championship (၁၉)ကြိမ်မြောက် စင်ဂါထိုင်း အမျိုးသမီး အပျော်တမ်းအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နည်းပြဆရာ ဦးဆန်းထွန်း(Han Golf Masters Academy)ခေါင်းဆောင်သည့် မြန်မာလူငယ်နှစ်ဦး မေလီနှင့်ယဉ်မေမျိုးတို့ပါဝင်ကြသော မြန်မာလူငယ်အမျိုးသမီး ဂေါက်သီးရိုက်အသင်း ပါဝင်ယှဉ်ပြိုင်ရာ ပထမဆုနှစ်ဆု ရရှိခဲ့သည်။ **(အောက်ပုံ)**

အဆိုပါပြိုင်ပွဲတွင် နိုင်ငံတကာကလပ်အသင်းပေါင်း ၁၈သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြရာ Team Net Event ၃၆ကျင်းပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းက စုစုပေါင်းအသားတင်ရိုက်ချက် ၂၆၅ချက်ဖြင့် ပထမ၊ အိမ်ရှင်ထိုင်း (Talga-2) အသင်းက စုစုပေါင်းအသားတင်ရိုက်ချက် ၂၈၃ချက်ဖြင့် ဒုတိယရရှိပြီး ထိုင်းလူငယ် (Tjgga)အသင်းက စုစုပေါင်းအသားတင် ရိုက်ချက်၂၈၄ချက်ဖြင့် တတိယ ရရှိခဲ့ကြသည်။

တစ်ဦးချင်း ၃၆ကျင်း အကျော့မဲ့ပြိုင်ပွဲတွင် Flight-B အတန်း၌ မြန်မာလူငယ်အသင်းမှ ယဉ်မေမျိုးက စုစုပေါင်းရိုက်ချက်၁၅၂ချက်ဖြင့် ပထမ၊ ထိုင်းလူငယ်အသင်းမှ Nichakor Nrak Sachat က စုစုပေါင်းရိုက်ချက် ၁၅၉ချက်ဖြင့် ဒုတိယရရှိပြီး မြန်မာလူငယ်အသင်းမှ မေလီက စုစုပေါင်းရိုက်ချက် ၁၆၁ချက်ဖြင့် တတိယရရှိခဲ့ကြသည်။

ချန်ပီယံဆုဆွတ်ခူး

တတိယနေ့ပြိုင်ပွဲအပြီးတွင် Individual Overall Grosse-Vent ပြိုင်ပွဲတွင် ထိုင်းလူငယ်အသင်းမှ အသက် ၁၃နှစ်သာရှိသေးသော လူငယ်ဂေါက်သီးရိုက်အားကစားသမားPintathl Oomboonru က သတ်မှတ်ရိုက်ချက်ငါးချက် လျှော့ရိုက်ပြီး စုစုပေါင်း ရိုက်ချက် ၂၁၁ချက်ဖြင့် (၁၉)ကြိမ်မြောက် ထိုင်းနိုင်ငံ အမျိုးသမီး အပျော်တမ်း အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု နှစ်ဆယ်ရာစုစာဆိုစစ်သည်များ(ဒုတိယတွဲ)စာအုပ်ထုတ်ဝေ

ရန်ကုန် မတ် ၂၈

လက်ရုံးရည်ဆိုသည်မှာ ခုခံနိုင်၊ တိုက်ခိုက်နိုင်သော ကာယစွမ်းရည် သတ္တိဖြစ်သည်။ နှလုံးရည်ဆိုသည်မှာ စိတ်နှလုံးနှင့်ဆိုင်သော စွမ်းရည်သတ္တိဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော စာဆိုစစ်သည်များ ရှိခဲ့ကြသည်။ နိုင်ငံတော်၏ ခေတ်သမိုင်းအဆက်ဆက်ကို စာပေဖြင့်ရေးသားမှတ်တမ်းပြုခဲ့ကြသည့် စာဆိုစစ်သည်များအား ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ဆယ်ရာစု စာဆိုစစ်သည်များ (ဒုတိယတွဲ) စာအုပ်အဖြစ် စီစဉ်ထုတ်ဝေလိုက်သည်။ **(ယာပုံ)**



အဆိုပါစာအုပ်တွင် တပ်မတော်သား စာရေးဆရာ၇၅ဦး၏ အတ္ထုပ္ပတ္တိနှင့် ၎င်းတို့ ရေးသားပြုစုခဲ့ကြသော စာစုစာရင်းများအား စုစည်းဖော်ပြ၍ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စီစဉ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ယင်းစာအုပ်ကို စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် တစ်အုပ်လျှင် ငွေကျပ်၁၅၀၀ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပရိုကလပ်အသင်းများအတွက် ဈေးကွက်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) မှ လာရောက်သင်ကြားဖွင့်လှစ်

ရန်ကုန် မတ် ၂၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ပရိုကလပ်အသင်းများအတွက် ဖွင့်လှစ်ပေးသည့် Marketing Workshop ဖွင့်ပွဲကို မတ် ၂၂ရက် ညနေ၈နာရီက ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ မြန်မာနေရှင်နယ်လိဂ်မှ ပရိုကလပ်အသင်းများ၏ အသင်းပိုင်ရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အုပ်ချုပ်သူများ၊ ဖီဖာမှသင်တန်းကြီးကြပ်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြော

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ Development Officer Mr.Jeysing Muthiah နှင့် Instructor Emy Casalettiတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်ဖီဖာမှ Development Officer Mr.Jeysing Muthiah ၊Instructor Emy Casaletti တို့အထိမ်းအမှတ်အလံငယ်များ အပြန်အလှန်လဲလှယ်ကြသည်။ ယင်းနောက် ဖီဖာမှ Instructor Emy Casaletti က မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများကိုယ်စား ရတနာပုံ F.C ပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းအား အထိမ်းအမှတ်အလံငယ်ကို ပေးအပ်သည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်ပရိုကလပ်အသင်းများမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ဖွင့်လှစ်

အဆိုပါ Marketing Workshop ကို မတ်၂၃ရက်မှ ၂၅ရက်အထိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးတည်ရှိရာ Goal ဟိုတယ်တွင် ဖွင့်လှစ်ခဲ့ပြီး ဖီဖာမှ Development Officer မလေးရှားနိုင်ငံသား Jeysing Muthiah နှင့် Instructor တောင်အာဖရိကနိုင်ငံသူ Emy Casaletti တို့က လာရောက်သင်ကြားပေးနေခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်ကလပ်တစ်သင်းမှ သုံးဦးစီအပါအဝင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှလည်း တက်ရောက်လျက်ရှိသည်။ မြန်မာ့ဘောလုံး အပျော်တမ်းစနစ်မှ ဆုကြေးစားစနစ်သို့ ကူးပြောင်းပြီးနောက်ပိုင်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်မည့် ပရိုကလပ်အသင်းများ အနေဖြင့် အသင်းကို စနစ်တကျဖွဲ့စည်းနိုင်ရန်၊ ငွေကြေးနှင့် စပွန်ဆာများ ရှာဖွေနိုင်ရန်နှင့် ဝင်ငွေရရှိနိုင်ရန်အတွက် ဈေးကွက်များ ရှာဖွေနိုင်စေရန် ယခုသင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဖီဖာမှသင်တန်းကြီးကြပ်သူများနှင့် ပရိုကလပ်အသင်းများမှတာဝန်ရှိသူများ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။
(မြန်မာ့အလင်း)

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲ မှော်ဘီ၌ဖွင့်

ရန်ကုန် မတ် ၂၈

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ရက် နံနက် ၈နာရီက မှော်ဘီမြို့နယ် ရတနာလမ်းထိပ် မြို့မ အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုးနှင့် ဖိနပ်စက်ရုံ အမှတ်(၁)စက်ရုံမှူး ဦးအောင်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** ဈေးရောင်းပွဲတော်ဖွင့်လှစ်ထားသော အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရောင်းချပေး

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ပြည်သူများကို စက်မှုလုပ်ငန်းခြောက်ခုမှ ထုတ်ကုန် အထည်အလိပ်၊ စားသောက်ကုန်၊ စာရေးကိရိယာ၊ ဆေးပစ္စည်း၊ ကြွေထည် မြေထည်၊ စက်ဘီး၊ အပ်ချုပ်စက်၊ စတီးလ်ပစ္စည်းမျိုးစုံ အမယ်ပေါင်း ၃၁၁မျိုးတို့ကို မတ် ၂၉ရက်အထိ ရောင်းချပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

■ *ကျောဖုံးမှ*

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား နေပြည်တော်ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု သစ်ဆိမ့်ပင် ကျေးရွာမှ ဦးမြင့်ကျော်က ပေါင်းလောင်း ရေလွှဲဆည် တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်း ရေလွှဲဆည် ကမ္ပည်းကျောက်စာတိုင် ရှေ့၌ နေရာယူကြပြီး တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်က ရေလွှဲဆည် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပေါင်းလောင်းရေလွှဲဆည်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မင်္ဂလာမုခ်ဦးရှေ့၌ ဒေသခံများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပေါင်းလောင်း ရေလွှဲဆည်၏ ရေလွှဲမြောင်းမကြီးများ၊ ဆည်မြောင်းအဆောက်အအုံများ၊ ရေတံခါးများနှင့် သဲထုတ်တံခါးများ၊ ရေပေးမြောင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅) ညွှန်ကြားရေးမှူးက ရေလွှဲဆည် တည်ဆောက်ခဲ့မှု လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားကြသည်။

ပေါင်းလောင်း ရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ထုတ်လွှတ်လိုက်သော ရေများအပြင် နေပြည်တော်တပ်ကုန်းနှင့်နေပြည်တော်ပျဉ်းမနားမြို့နယ်တို့အကြား ရေဆင်းဧရိယာ စတုရန်းမိုင်၆၀၀မှ စီးဝင်လာသည့် ရေများကို ပေါင်းလောင်း ရေလွှဲဆည်ဖြင့် ထိန်းကာ လက်ဝဲ၊ လက်ယာ တူးမြောင်းစနစ်များ ပြီးစီးပါက နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် ရေတာရှည်မြို့နယ်တို့အတွင်း လယ်မြေဧရိယာဧက ၃၅၀၀၀ခန့် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေပေးဝေ

ပေါင်းလောင်း ရေလွှဲဆည်သည် အရွယ်အစားအကျယ် ပေ ၃၀ အမြင့် ၁၅ပေရှိ သဲထုတ်ရေတံခါး နှစ်ပေါက်၊ ၄ပေ x ၆ပေ အရွယ်အစားရှိ ရေထိန်းတံခါးလေးပေါက်၊ ၆ပေ x ၆ပေ အရွယ်အစားရှိ ရေထိန်းတံခါး တစ်ပေါက် ပါဝင်သော အိုဂီးပုံ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

အရှည် ၅၉ဒသမ ၀၇မိုင်ရှိ တူးမြောင်းမကြီးများ၊ အရှည် ၁၂၇ဒသမ ၇၃မိုင်ရှိ လက်တံမြောင်းများနှင့် တူးမြောင်းအဆောက်အအုံ ၉၂၂ခု ပါဝင်သည့် ရေသောက်စနစ်ဖြစ်သည်။ ယခုနှစ် နွေစပါးဧက ၁၀၀၀ကို ရေစတင်စိုက်ပျိုးရေ ပေးဝေနေပြီ ဖြစ်သည်။

ပေါင်းလောင်း ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းအားဖြင့် ဒေသတွင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာ၍ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးလာသည်နှင့် အမျှ လူနေမှုအဆင့်အတန်း တိုးမြင့်လာမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပေါင်းလောင်း ရေလွှဲဆည် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၀၉ခုနှစ်အတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်များဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂၈

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်က ၂၀၀၉ခုနှစ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်များဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မတ် ၃၁ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးအဖွဲ့ ရန်ကုန်မြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဧည့်သည်တော် H.E. Mr.Li Changchun နှင့် အဖွဲ့ဝင်များသည် ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိပြီး သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်းနှင့် မင်းခမ်းတော် ပစ္စည်းများပြခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဧည့်သည်တော် H.E.Mr.Li Changchun နှင့် အဖွဲ့ဝင်များသည် လမ်းမတော်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းလ်ဆက်သွယ်ရေးစခန်း WCDMA အိတ်ချိန်းကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် H.E.Mr. Li Changchun နှင့် အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဧည့်သည်တော် H.E.Mr.Li Changchun နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမသို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက လှိုင်သာယာစက်မှုမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဧည့်သည်တော် H.E.Mr. Li Changchun နှင့် အဖွဲ့ဝင်များသည် TOKYO PIPE (**အပေါ်ပုံ**)စက်ရုံနှင့် FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံတို့ကို သွားရောက်ကြည့်ရှု လေ့လာသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့သို့ ထွက်ခွာ

နေပြည်တော် မတ် ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အောက်ပုံ) (သတင်းစဉ်)

အချိန် အခါမဟုတ် မိုးရွာမည့် သတိပေးချက်

နေပြည်တော် မတ် ၂၈

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုးရွာစဉ် လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့်အတူ ခေတ္တမျှ အနောက်မြောက်ဘက်မှ လေပြင်းများ တစ်နာရီ ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

အောင်မြင်ဖြစ်ထွန်း

ပေါင်းလောင်း ရေလှောင်ဆည်သို့ သွားသည့်ကားလမ်းနံဘေး၌နှမ်းပါး စိုက်ခင်းများမှာ စိမ်းစို ရှင်သန်လျက် အားရဖွယ်မြင်ကွင်းကိုလည်းကောင်း၊ ပဲစိုက်ခင်းများကို လည်းကောင်း ဆည်ရေသောက်၍ စိုက်ပျိုးထားသည်တို့မှာ ရေလှောင်ဆည်မှ ရေရရှိမှုကြောင့် အောင်မြင်ဖြစ်ထွန်းမှုများပင် ဖြစ်သည်။

မြန်မာ့အလင်း သတင်းအဖွဲ့ ပေါင်းလောင်းရေလှောင်ဆည် ရှင်းလင်းဆောင်သို့ရောက်ရှိချိန်တွင် ရှင်းလင်းဆောင်ရှေ့၌ ကျေးရွာများမှ လာကြသော ရွာသူရွာသားများကို တွေ့ရှိရသည်။ ရှင်းလင်းဆောင်အတွင်း၌ ဆည်မြောင်းဌာနအနုပညာ စုစည်းတင်ဆက်ရေးအဖွဲ့မှ ကိုဇော်မင်းအောင်နှင့်အဖွဲ့သည်ရုပ်ရှင်မင်းသမီး အိန္ဒြာကျော်ဇင်အား ဖွင့်ပွဲဂုဏ်ပြုသီချင်းဖြင့် မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးနေပြီး မင်းသမီးအိန္ဒြာကျော်ဇင်အား ဒေသခံများ လာရောက်ကြည့်ရှုကြသည်ကို တွေ့ရသည်။

မြန်မာ့အလင်း သတင်းအဖွဲ့အား ဆည်မြောင်းဦးစီးဌာန ပေါင်းလောင်း ရေလှောင်ဆည် တည်ဆောက်ရေး အဖွဲ့(၅)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်းနှင့် လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ရှေးဦးစွာ တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးမြင့်သန်းအား တွေ့ဆုံမေးမြန်းခဲ့သည်။ ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရှင်းလင်းပြရာတွင် ``တည်ဆောက်ရေး (၅) အနေဖြင့် နေပြည်တော် ပတ်ဝန်းကျင်မှာရှိသော တမံများ၊ ရေနုတ်မြောင်းများ၊ လျှိုပိတ်လုပ်ငန်း

ပေါင်းလောင်းရေလှောင်ဆည်ကို တည်ဆောက်ခဲ့ရာတွင် ပေါင်းလောင်းတမံမှ ထုတ်လွှတ်လိုက်သော ရေအားလျှပ်စစ်ထုတ်ပြီး ရေများကို အလေအလွင့်မရှိစေရန် နေပြည်တော် ပျဉ်းမနား၊ ရေတာရှည်မြို့နယ်၊ နေပြည်တော်လယ်ဝေးတို့မှ လယ်မြေဧကသုံးသောင်းခွဲကို သီးထပ်သီးညှပ် စိုက်ပျိုးနိုင်စေရန် တည်ဆောက်ခဲ့ခြင်းဖြစ်။

များ၊ နေပြည်တော် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်ရကြောင်း၊ တာဝန်ယူဆောင်ရွက်ရသောလုပ်ငန်းများအနက်ပေါင်းလောင်းရေလှောင်ဆည်လုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ပေါင်းလောင်းရေလှောင်ဆည်သည် ပေါင်းလောင်းရေလှောင်တမံကြီး အောက်ဘက်ပေါင်းလောင်းမြစ်ပေါ်၌တည်ဆောက်ထားကြောင်း၊ပေါင်းလောင်းရေလှောင်တမံသည် ကျောက်ဖြည့်တမံဖြစ်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသောရေကို ပေါင်းလောင်းမြစ်ထဲသို့ လွှတ်ပေးရ၍ ရေသည် အလဟဿ စီးဆင်းသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပေါင်းလောင်းရေလှောင်ဆည်ကြီးကို တည်ဆောက်ပေးခဲ့၍လက်ဝဲ၊လက်ယာ တူးမြောင်းများပါ ထည့်သွင်းတည်ဆောက်ခဲ့ရာ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် ရေတာရှည်မြို့နယ် သုံးမြို့နယ်၌ ရှိသော လယ်မြေဧက ၃၅၀၀၀ ကိုရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း။

ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၅) အနေဖြင့် ပထမ ကျောက်ဖြည့်တမံကြီးကိုပြီးစီးအောင် တည်ဆောက်ကြောင်း၊ကျောက်ဖြည့်တမံကြီး တည်ဆောက်ဖွင့်လှစ်ပြီး နောက် မဂ္ဂါဝပ် ၇၀ တာဘိုင်လေးလုံး စုစုပေါင်း မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်သော အခြေအနေ ရောက်အောင် တည်ဆောက်ပြီးသည်နှင့်ပေါင်းလောင်း ရေလှောင်ဆည်နှင့် ရေသောက်စနစ်ကို တစ်ပြိုင်တည်းစတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယနေ့အချိန်၌



``နေပြည်တော် ပျဉ်းမနား၊ ရေတာရှည်မြို့နယ်နဲ့ နေပြည်တော် လယ်ဝေးတို့က လယ်မြေဧက ၃၅၀၀၀ကို သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန် ဆည်ရေပေးနိုင်မှာ ဖြစ်ပါတယ်''

ဦးလှရွှေ
လက်ထောက်ညွှန်ကြားရေးမှူး(၁)
တည်ဆောက်ရေး(၅)

ပေါင်းလောင်း ရေလှောင်ကြီးပြီးစီးပြီဖြစ်၍ လက်ဝဲ၊ လက်ယာ တူးမြောင်းများ ပြီးစီးသည့်အပိုင်းများကို ယခုနှစ် မတ်၁၀ရက်က စတင်ပေးဝေနေပြီဖြစ်ကြောင်း'' ရှင်းပြသည်။

နေပြည်တော် တစ်ဝိုက်တွင် ပိုမိုစိမ်းလန်းစိုပြည်ပြီး၊ ရာသီဥတုတွေ သာယာလာမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ လယ်သမားတွေအတွက် ရေစပေးဝေနေပြီဖြစ်သည့်အတွက် တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစား စိုက်ပျိုးနိုင်တော့မည် ဖြစ်သည့်အတွက်လယ်သမားတွေ၏ ဝင်ငွေတွေ တိုးပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာကြောင်း။ စီးဆင်းတဲ့ရေပမာဏများသည့်အတွက် ပုံမှန် တည်ဆောက် နည်းဖြစ်သော ယာယီ ရေတားတမံကို မြေကြီးနှင့် တိုက်ရိုက်ဆောက်၍ မရသည့်အတွက်အနီးအနား ပတ်ဝန်းကျင်၌ရှိသော ကျောက်တောင်များကို မိုင်းခွဲပြီး မုန်းချောင်းအတွင်းရှိသော ကျောက်ကြီးများနှင့် တစ်ဆင့်ပိတ်၊ နောက်ထပ်တစ်ခါ မုန်းချောင်းထဲ၌ရှိသော ကျောက်စရစ်များနှင့် တစ်ဆင့်ပိတ်၊ နောက်တစ်ခါ မြေကြီး ပိတ်ပြီးမှ တကယ့်တမံကြီး တည်ဆောက်ခဲ့ရသလို ပေါင်းလောင်းမြစ် မှာလည်း ယင်းနည်းစနစ်ကို အခြေခံပြီး ခက်ခဲသည့် အလုပ်ကို လုပ်ခဲ့ရခြင်းဖြစ်ကြောင်း။

``ရေလျှံထိန်းတာဝါကို အချိန်မီပြီးစီးနိုင်ရေးအတွက်ဝန်ထမ်း ၁၀၀ နီးပါးနဲ့ နေ့ရောညပါ စက်မှုဆိုင်ရာ လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်''

ဦးထွန်းအောင်နိုင်
လက်ထောက်ညွှန်ကြားရေးမှူး
(စက်မှု)
တည်ဆောက်ရေး(၅)

``ပေါင်းလောင်းသည် ချောင်းမဟုတ်ဘဲမြစ်ဖြစ်ကြောင်း။ ဆင်သေချောင်းကလည်း ပေါင်းလောင်း မြစ်ထဲသို့ စီးဝင်ကြောင်း။ ငလိုက်ချောင်းကလည်း ပေါင်းလောင်းမြစ်ထဲသို့ စီးဝင်ကြောင်း။ လျှပ်စစ်ထုတ်လွှတ်သော ရေများကလည်း ပေါင်းလောင်းမြစ်ထဲ စီးဆင်းသည့်အတွက် မြစ်သုံးမြစ်က စီးဆင်းသည့်ရေများကို အနည်းဆုံးအချိန်ရွေးချယ်ပြီး နေ့ရောညပါ မနားမနေလုပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ဝန်ထမ်းများ နေ့ညမအားဘဲ အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၍ သတ်မှတ်ချိန်အမီ ပြီးစီးခဲ့ပြီး ခိုင်ခိုင်မာမာ တင့်တောင့်တင့်တယ် ရပ်တည်နိုင်ခြင်းဖြစ်ကြောင်း''စသည်ဖြင့်ပြောပြသည်။

ထို့နောက် တည်ဆောက်ရေး(၅) လက်ထောက် ညွှန်ကြားရေးမှူး(၁) ဦးလှရွှေအား တွေ့ဆုံမေးမြန်းခဲ့ရာတွင် ``ရေလှောင်ဆည်ကို ၂၀၀၅-၂၀၀၆ တွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ ပေါင်းလောင်း ရေလှောင်ဆည်ကို တည်ဆောက်ခဲ့ရာတွင် ပေါင်းလောင်းတမံမှ ထုတ်လွှတ်လိုက်သောရေအားလျှပ်စစ်ထုတ်ပြီး ရေများကို အလေအလွင့်မရှိစေရန် နေပြည်တော်ပျဉ်းမနား၊ ရေတာရှည်မြို့နယ်၊ နေပြည်တော်လယ်ဝေးတို့မှ လယ်မြေဧက သုံးသောင်းခွဲကို သီးထပ်သီးညှပ် စိုက်ပျိုးနိုင်စေရန် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပေါင်းလောင်း ရေလှောင်ဆည်သည် ပေါင်းလောင်း တမံအောက် ၁၁မိုင်အကွာတွင်ရှိပြီး ပေါင်းလောင်းမြစ်ကို ဖြတ်ပြီးပိတ်၍ တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ရေလှောင်ဆည်မှ တူးမြောင်းမကြီးသို့စီးဝင်ပြီး လက်ဝဲတူးမြောင်းမကြီးနှင့် လက်ယာတူးမြောင်းမကြီး နှစ်ခုရှိ၍ လက်ဝဲတူးမြောင်းမကြီးသည် ၂၉မိုင်ကျော်ရှည်၍ လက်ယာတူးမြောင်းမကြီးသည် ၂၉မိုင်ကျော် ရှည်လျားကြောင်း၊ လက်ဝဲတူးမြောင်းမှ ဧက ၁၆၀၀၀ ပေးဝေမည်ဖြစ်ပြီး လက်ယာတူးမြောင်းမှ ဧက ၁၉၀၀၀ပေးဝေမှာဖြစ်ကြောင်း၊ ပေါင်းလောင်းရေလှောင်ဆည်မှာမြစ်ကိုပိတ်ခြင်းဖြစ်၍ ခက်ခဲစွာ လုပ်ခဲ့ကြရကြောင်း၊ ပေါင်းလောင်းမြစ်၏ လက်ယာဘက်တွင်ရှိသော ကျေးရွာများ ရေမနစ်မြုပ်စေရအောင် ရေလျှံထိန်းတာဝါ လုပ်ရကြောင်း၊ ရေလျှံထိန်းတာဝါသည် စုစုပေါင်း နှစ်သောင်းကျော် ရှည်ကြောင်း၊ ရေလျှံထိန်းတာဝါသည်ပေါင်းလောင်းမြစ်ကို ဖြတ်၍ဖို့ခဲ့ရကြောင်း'' မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆည်ရေတွေပေးဝေနေပြီ

``လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်း တွေကနေပြီး မတ်၁၀ ရက်ကစပြီး ဆည်ရေတွေပေးဝေနေပါပြီ''

ဦးမြင့်သန်း (ညွှန်ကြားရေးမှူး)၊ တည်ဆောက်ရေး(၅)

အချိန်မီ

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)ဦးထွန်းအောင်နိုင်က ရှင်းပြရာတွင်-``စက်မှုကဏ္ဍအနေဖြင့် ရေလျှံထိန်းတာဝါ တည်ဆောက်ရာတွင် နေ့ရောညပါအချိန်မီပြီးရန် ကျောက်ကြီးများဖြင့် ပိတ်၍ ရေလျှံထိန်းတာဝါကို လုပ်ခဲ့ကြရကြောင်း၊လက်ယာမြောင်းရော လက်ဝဲမြောင်းပါ တည်ဆောက်ပေးခဲ့ပြီး ရေစတင်လွှတ်ပေးနေပြီ ဖြစ်ကြောင်း၊ လုပ်ငန်းခွင်တွင်ကျယ်စေရန် စက်များပျက်လျှင် အမြန်ပြီးအောင်ပြုလုပ်ပေးကြကြောင်း၊ ရှေ့တန်းတွင် ပြုပြင်မရလျှင် နောက်တန်းရှိ စက်များဖြင့် ရုံးသို့ပို့ပြီးချက်ချင်းပြုပြင်နိုင်ခဲ့ကြောင်း၊ ကြီးကြီးမားမားပျက်လျှင် သုံးရက်နှင့် အပြီးလုပ်ဆောင်ခဲ့ကြောင်း၊ စက်ပြင်စက်မောင်းများနှင့် ဝန်ထမ်းများပါ ၁၀၀နီးပါးရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီအချိန်မီ ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြောင်း'' စသည်ဖြင့် ရှင်းပြသည်။

ငှင်းနောက် ရေလှောင်ဆည်သို့ လာရောက်လေ့လာ ကြည့်ရှုနေကြသော ရွာသူရွာသားများအနက် အမျိုးသမီး တစ်ဦးအား တွေ့ဆုံမေးမြန်းခဲ့သည်။

``ဆည်မရှိခင်ကတော့ မိုးစပါးပဲ စိုက်တယ်၊ အခု ဆည်ရေရလို့ နွေစပါးပါ စိုက်နိုင်ပါပြီ''

ဦးဝင်းမြင့် (တောင်သူ)
သစ်ဆိမ့်ပင်ကျေးရွာ။

``ကျွန်မနာမည် ဒေါ်တင်တင်အေးပါ၊ သစ်ဆိမ့်ကျေးရွာမှာနေပြီး သစ်ဆိမ့်ပင်ကျေးရွာ အလကခွဲတွင် အထွေထွေတာဝန်ထမ်းဆောင်ပါတယ်၊ ဆည်ဆောက်ရန်အတွက် လမ်းများ ဖောက်လိုက်ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးပါ ကောင်းလာပါတယ်၊ ယခင်က ခြေကျင်သွားနေရာမှ ယခုကား၊ စက်ဘီးတို့ဖြင့်သွားနိုင်၍ အဆင်ပြေပါတယ်၊ ရေရလာသည့်အတွက် စိုက်ပျိုးရေး ကောင်းလာပါတယ်၊ တစ်သီးစားမှ နှစ်သီးစားဖြစ်လာသောကြောင့် ဝင်ငွေ တိုးလာကြောင်း၊ ရေရှည်ကောင်း စားရေးအတွက် လုပ်ပေးတာဖြစ်၍ နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ပါတယ်'' ဟူ၍ ပြောပြသည်။

ငှင်းနောက်သစ်ဆိမ့်ပင်ကျေးရွာ၌ နေပြီး တောင်ယာလုပ်ကိုင်နေသူ ဒေါ်မေနွယ်ဝင်းအား တွေ့ဆုံမေးမြန်း

``လမ်းတွေ ဖောက်လိုက်တာကြောင့် အရင်က ခြေကျင်လျှောက်ရတာကို အခု ကား၊ စက်ဘီးတို့နဲ့သွားရလို့ အဆင်ပြေလာပါတယ်''

ဒေါ်တင်တင်အေး
အထွေထွေဝန်ထမ်း
[အလက(ခွဲ)သစ်ဆိမ့်ပင်]

ရာ ``ဧက ၂၀ကျော်လုပ်ကိုင်ကြောင်း၊ စပါး၊ ပဲစိုက်ကြောင်း၊ စပါးရှစ်ဧကနှင့် ပဲ၁၂ဧကစိုက်ကြောင်း၊ စပါးစိုက်ရာတွင် နွေစပါးအတွက်အလားအလာကောင်းကြောင်း၊ ပဲစိုက်ပြီးနောက် စပါးစိုက်ကြောင်း၊ဝင်ငွေတိုးတက်လာ၍ နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ပါကြောင်း'' ဖြင့် ပြောပြသည်။

စိုက်ပျိုးနိုင်

ဆက်လက်၍ တောင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းရာတွင် ``အမည်မှာ ဦးဝင်းမြင့်ဖြစ်ကြောင်း၊ သစ်ဆိမ့်ပင်ကျေးရွာတွင်နေ၍တောင်ယာလုပ်ကိုင်ကြောင်း ကြံ၊ စပါး၊ ပြောင်း၊ နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲစိုက်ကြောင်း၊၁၅ဧကစိုက်ကြောင်း၊ ဆည်မရှိခင်က မိုးစပါးသာစိုက်ကြောင်း၊ ယခုနွေစပါးကိုစိုက်ပြီး ရိတ်သိမ်းရန် လုပ်နေကြောင်း၊ လယ်၆ဒသမ ၅ဧကနွေစပါးစိုက်ကြောင်း၊ နွေရောမိုးပါ စိုက်ပျိုးနိုင်ပြီဖြစ်၍ နိုင်ငံတော်ကို ကျေးဇူးတင်ပါကြောင်း'' ဖြင့် ပြောပြသည်။

တည်ဆောက်ထား

ပေါင်းလောင်း ရေလှောင်ဆည်မှာ နေပြည်တော်ခရိုင် နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီးပေါင်းလောင်းမြစ်ပေါ်တွင်တည်ဆောက်ထားပြီး ရေဆင်းဧရိယာ ၃၂၆၇ စတုရန်းမိုင် ရှိသည်။ ရေလှောင်ဆည် အကျယ် ပေ ၇၅၀၊ အမြင့်၁၅ပေရှိပြီး ရေထိန်းတံခါး အရွယ်အစားနှင့် အရေအတွက်မှာ ၄ပေအကျယ်×၆ပေအမြင့်×၂ပေါက်(ဝဲ)၊ ၆ပေအကျယ်× ၆ပေ အမြင့်× ၁ပေါက်(ဝဲ)၊ ၄ပေအကျယ် × ၆ပေ အမြင့်×၂ပေါက် (ယာ)ဖြစ်သည်။ ဆည်ရေသောက်ဧရိယာဧက၃၅၀၀၀ ဖြစ်ပြီး တူးမြောင်းမကြီး အလျား ၅၉ဒသမ၇မိုင်၊(က)လက်ဝဲတူးမြောင်းမကြီး ၂၉ဒသမ ၇၂မိုင်(ခ)လက်ယာတူးမြောင်းမကြီး ၂၉ဒသမ၃၅မိုင်၊ လက်တံမြောင်း ဝဲ-ယာ ၁၂၇ ဒသမ ၇၃မိုင်ရှည်သည်။

``စပါးနဲ့ပဲ နှစ်သီးစိုက်ရလို့ ဝင်ငွေ တိုးလာပါတယ်၊ နိုင်ငံတော်ကို ကျေးဇူးအထူးတင်ပါတယ်''

ဒေါ်မေနွယ်ဝင်း(တောင်သူ)
သစ်ဆိမ့်ပင်ကျေးရွာ။

ဝင်ငွေ

စီမံကိန်း ခန့်မှန်းကုန်ကျငွေ ၁၆၁၄၃ ဒသမ ၅၂၆ သန်းဖြစ်၍ ပေါင်းလောင်းရေလှောင်ဆည်နှင့် ဆည်ရေသောက်စနစ်တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာပြီး တောင်သူတစ်ဦးချင်း ဝင်ငွေ တိုးတက်လာသည်နှင့်အမျှ လူမှုစီးပွားဘဝပါ တိုးမြင့်လာတော့မည်ဖြစ်၍နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာကာ သတင်းမြင်ကွင်းအဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

လက်ဝဲ၊လက်ယာ နှစ်ပေါက်စီ ပြုလုပ်ထားသည့် အကျယ်ပေ၃၀၊ အမြင့် ၁၅ပေရှိ ပေါင်းလောင်းရေလှောင်ဆည်၏ လက်ယာ သဲထုတ်ရေတံခါးကို ဤသို့ တွေ့ခဲ့ရသည်။

(မြန်မာ့အလင်း)

သမိုင်းပေးတာဝန်ကျေပွန်သော တပ်မတော်

တပ်မတော်ဆိုသည်မှာ နိုင်ငံကို ကာကွယ်ရန် ဖွဲ့စည်းထားသော လက်နက်ကိုင်အင်အားစုကြီး ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် တပ်မတော်ဖွဲ့စည်းထားရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင်လည်း တပ်မတော်ကို ခေတ်အလိုက် ပုံစံမျိုးစုံနှင့် တွေ့ရသည်။ မြန်မာမင်းများ လက်ထက်ကပင် မြန်မာ့တပ်မတော်သည် သမိုင်းအစဉ်အလာကြီးမားခဲ့ပါသည်။ မြန်မာတို့ ဘုန်းမီးနေလ တောက်ပခဲ့သည့်ကာလများကို ပြန်ကြည့်လျှင် အင်အားတောင့်တင်းသည့် တပ်မတော်ကို ထူထောင်ပိုင်ဆိုင်နိုင်သည့် ကာလများဖြစ်သည်ကို တွေ့ရပေမည်။

ယနေ့လက်ရှိတပ်မတော်သည် မြန်မာပြည်သူတို့ကြားမှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုသမိုင်းတွင် ပြည်သူတို့နှင့်အတူ လက်တွဲ၍ မဆုတ် မနစ်တိုက်ပွဲဝင်ခဲ့သော တပ်မတော်ဖြစ်သည်။ ၁၉ ရာစုအတွင်းတွင် ခေတ်မီတပ်မတော်မရှိ၍ မြန်မာတစ်မျိုးသားလုံး နယ်ချဲ့တို့၏ ကျူးကျော်စော်ကားမှုကို ခံခဲ့ကြရသည်။ နယ်ချဲ့ကျူးကျော်သူတို့ကို သခင်ခေါ်၍ ဘုရားထူးခဲ့ရသည့်အဖြစ်ကို ခါးသီးလှစွာ ရရာလက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး စတင်၍ အင်္ဂလိပ်နယ်ချဲ့တို့ စစ်မျက်နှာများစွာနှင့် ဗျာများနေချိန်တွင် ဗမာ့တော်လှန်ရေးခေါင်းဆောင်များသည် "အင်္ဂလိပ်အခက်၊ ဗမာအချက်"ဟူ၍ ကြွေးကြော်ပြီး တော်လှန်ရေးဆင်နွှဲရန် ကြိုးပမ်းခဲ့သည်။ ရဲဘော်သုံးကျိပ်ကို ဂျပန်ပြည်သို့ စစ်ပညာသင်စေလွှတ်ခဲ့ရာမှ တပ်မတော်သည် စတင် သန္ဓေတည်ခဲ့သည်။ ၁၉၄၂ခုနှစ်တွင် ရဲဘော်သုံးကျိပ်သည် ဂျပန်နှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို စတင်ဖွဲ့စည်းခဲ့သည်။ ဂျပန်တို့နှင့်ပူးပေါင်း၍ မြန်မာပြည်ကို အင်္ဂလိပ်တို့လက်ထဲမှ ပြန်လည်ရယူနိုင်ခဲ့သည်။

သို့သော် ဖက်ဆစ်တို့သည် မြန်မာနိုင်ငံကို လက်လွှတ်မပေးခဲ့ပေ။ ရွှေရည်စိမ်ထားသော လွတ်လပ်ရေး အတုအယောင်ကိုသာ ပေးခဲ့သည်။ မြန်မာပြည်သူလူထုကို ရက်စက်စွာ နှိပ်စက်ညှဉ်းပန်းခဲ့သည်။ အမျိုး၊ ဘာသာ၊ သာသနာပျက်စီးအောင် လုယက်ဖျက်ဆီးခဲ့သည်။ မင်းသားခေါင်းဆောင်း ကွာကျ၍ အစွယ်ပြူးပြူးနှင့် ဘီလူးသရုပ်ကို ကောင်းစွာမြင်ရချိန်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ဖက်ဆစ်တို့သည် အင်အားတောင့်တင်းလာသော ဗမာ့တပ်မတော်ကို အင်အားလျှော့ချ၍ အားနည်းအောင် ဖန်တီးခဲ့သော်လည်း တော်လှန်ရေးအင်အားစုများနှင့်ပူးပေါင်း၍ ၁၉၄၅ခုနှစ် မတ်လ၂၇ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကို ရရာလက်နက်စွဲကိုင်ကာ တော်လှန်ကြသည်။ ဖက်ဆစ်တော်လှန်ရေးတပ်သားဖြစ်သူ မျိုးချစ်ပြောက်ကျားရဲဘော်များနှင့် တပ်မတော်သားများသည် ရင်ကိုမြေကတုတ်ပြုကာ တိုင်းပြည်ရန်သူကို တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့၏ တပ်မတော်သည် လွတ်လပ်ရေးကို တိုက်ယူရန် သန္ဓေတည် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

တော်လှန်ရေးအထိမ်းအမှတ်အဖြစ် အနီရောင်အောက်ခံနှင့် ကြယ်ပွင့်အဖြူဖော်ထားသည်။ အချိန်ကာလသည် တပေါင်းလဖြစ်သည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေရန် အားယူသည့်ကာလဖြစ်သည်။ မြန်မာတို့အတွက်လည်း ဘဝဟောင်း စနစ်ဟောင်းကို စွန့်ပစ်၍ ဘဝသစ်တည်ဆောက်ရန် တော်လှန်ရှန်းကန်နေသော ကာလဖြစ်သည်။

တပ်မတော်သည် မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက် အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်ပြီး ကာကွယ်ပေးခဲ့သော သမိုင်းအစဉ်အလာ ကောင်းများလည်း ရှိခဲ့ပေသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှုများနှင့် ကူမင်တန်တရုတ်ဖြူတို့၏ ကျူးကျော်မှုကို ကာကွယ် တိုက်ခိုက်ပေးခဲ့သည်။ ၁၉၅၈ခုနှစ်တွင် နိုင်ငံတော်တာဝန်ကို ယာယီလက်ခံယူခဲ့သည်။ ၁၉၆၂ခုနှစ်နှင့် ၁၉၈၈ခုနှစ်များတွင် နိုင်ငံတော်ကို အချုပ်အခြာအာဏာဆုံးပါးမည့် အန္တရာယ်မှ ကယ်တင်ခဲ့သည်။ တပ်မတော်၏သမိုင်းသည် စစ်ရေးသမိုင်းမျှသာမက လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ရေးကာကွယ်မှုသမိုင်း၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးသော၊ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းရေးသမိုင်းလည်း ဖြစ်ပေသည်။

ယနေ့တပ်မတော်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်ထိန်းသိမ်း

ကြယ်စင်နိုင်

စောင့်ရှောက်ပေးထားသည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း မူဝါဒအားဖြင့် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသည်။ ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်သည်။ ခွဲထွက်ခွင့်ကို လက်မခံပေ။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကိုဦးတည်သည်သွေးမျိုးသားချင်း အချင်းချင်းဆန့်ကျင်တိုက်ခိုက်ရန်လည်း မလိုလားပေ။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အလေးထားသည်။ လွတ်လပ်ရေးကို ထိပါးမည့် ပြည်ပ ပယောဂများကိုလည်း ဖယ်ရှားပေးခဲ့သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံကြီးငယ်တိုင်းတွင် တပ်မတော်၏စစ်ရေး၊ လက်နက်ရေးရာ အင်အားများကို တောင့်တင်းခိုင်မာအောင် တည်ဆောက်ထားကြသည်မှာ မျက်မြင်ပင်ဖြစ်သည်။ "**တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်**"ဆိုသည့် ဆရာရွှေတိုင်ညွှန့်၏ သီချင်းသည် ယနေ့တိုင် ခေတ်မီနေဆဲပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တော်လှန်ရေးနှင့် တပ်မတော်သည် ခွဲခြား၍မရ၊ တစ်သားတည်းဖြစ်သည်။ နယ်ချဲ့ ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲသည် တပ်မတော်ကို မွေးဖွားပေးခဲ့သည်။ တပ်မတော်သည် တသီးတခြား ဖြစ်ထွန်းလာသည်မဟုတ်၊ တသီးတခြား ရှင်သန်ရပ်တည်နေသည်မဟုတ် ပြည်သူတို့ကြားမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ တောင်သူလယ်သမား၊ အလုပ်သမား အစရှိသည့် ပြည်သူတို့၏ သားသမီးများသည် မျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံတော်လွတ်လပ်ရေးအတွက် အသက်ကိုစွန့်လွှတ်၍ ကာကွယ်တိုက်ခိုက်ရန် တပ်မတော်သို့ ဝင်ရောက်လာခဲ့သည်။ ထို့ကြောင့် ပြည်သူတို့၏သားသမီးများဖြင့် ဖွဲ့စည်းထားသည့် တပ်မတော်ဖြစ်သည်။ ပြည်သူတို့နှင့်အတူ မခွဲမခွာ ယှဉ်တွဲရပ်တည်နေသည့် တပ်မတော် ဖြစ်သည်။

ယခင်က တပ်မတော်သည် နိုင်ငံတော်ကို အဖျက်သမားရန်မှ ကာကွယ်ရေးကို အဓိကထား လုပ်ဆောင်နေရသည်။ ယနေ့ကာလတွင် တပ်မတော်သည်ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဦးဆောင်ဦးရွက်ပြုကာ ရှေးရှု ချီတက်နေသည့် အမျိုးသားရေးအင်အားစု ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခန်း(၇) တပ်မတော်အခန်း

ပုဒ်မ(၃၃၇)တွင်

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။

ပုဒ်မ(၃၃၉)တွင်

နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။

ပုဒ်မ(၃၄၁)တွင်

နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်ဟူ၍ပါရှိသည်။

တပ်မတော်သည် အချုပ်အခြာအာဏာကိုစောင့်ရှောက်ကာကွယ်ရင်း နိုင်ငံတော်နှင့်ပြည်သူများအတွက် ရပ်ပိုင်းဆိုင်ရာကိုပါ တည်ဆောက်ပေးခဲ့ပါသည်။ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်၊ နယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုလုပ်ငန်းများ၊ နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်ဖော်ဆောင်ပေးခဲ့သည်။ အထူးဒေသများတွင် ပညာရေးအတွက် တက္ကသိုလ်များ၊ ကောလိပ်များ ဖွင့်လှစ်၍ ပညာရေးအဆင့် မြှင့်တင်ပေးခဲ့သည်။

ပါတီစုံ ဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် အေးချမ်းသာယာရေး၊ ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေးသာမက ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ စားဝတ်နေရေးဖူလုံစေရန်နှင့် ပညာရည်ပြည့်ဝနေစေရန် အရေးကြီးပေရာ တပ်မတော်သည် ပြည်သူတစ်ရပ်လုံးနှင့်တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကာ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာရှိ ဒီမိုကရေစီနိုင်ငံများတွင် စစ်မှုမထမ်းမနေရစနစ်ဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ရသည်။ အချို့နိုင်ငံများတွင် အခကြေးငွေဖြင့် ကြေးစားစစ်တပ်များ ဖွဲ့စည်းတည်ထောင်ထားကြသည်။ မြန်မာ့တပ်မတော်သည်ကား နိုင်ငံတော်ကိုကာကွယ်ရန် ကိုယ်ပိုင်အသိစိတ်ဓာတ်ရှိရှိဖြင့် မျိုးချစ်ယောက်ျားကောင်းတို့ကို စုစည်းထားသည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်ပေသည်။ တပ်မတော်သားများသည် အဖျက်ရန်သူတို့အတွက် မီးနှယ် ပူပြင်းလောင်ကျွမ်းစေသော်လည်း ပြည်သူတို့အတွက်မူ ရေလိုအေး၍ ပန်းလိုမွှေးစေသူများဖြစ်သည်။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းရာတွင် အရေးပါသော ကဏ္ဍမှ ပါဝင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်အစွန့်ရှည်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်ခဲ့သည်။ ပြည်သူတို့နှင့်အတူ လက်တွဲကာ ဖက်ဆစ်စနစ်ကို ခုတ်ထွင်သုတ်သင်ခဲ့သော တပ်မတော်သည် ပြည်သူ့တပ်မတော်အဖြစ် ပြည်သူ့ဘက်မှ မားမားမတ်မတ် ရပ်တည်နေဆဲဖြစ်သည်။ နိုင်ငံတော်တာဝန်ကို ခေတ္တလက်ခံယူခဲ့ရချိန်တွင် နိုင်ငံအရေးအတွက် ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့၍ နိုင်ငံတော်တည်ငြိမ်လာချိန်တွင် နိုင်ငံအာဏာကို ပြည်သူများလက်သို့ ပြန်လည်လွှဲပြောင်းပေးအပ်မည့် ခေတ်ပြောင်း စနစ်ပြောင်း တာဝန်ကြီးကို စနစ်တကျ ညင်သာစွာထမ်းဆောင်ပေးခြင်းဖြင့် သမိုင်းဝင်မည့်လုပ်ငန်းကို လုပ်ဆောင်ပေးနေပြီ ဖြစ်သည်။

ယနေ့တပ်မတော်အစိုးရသည် နိုင်ငံနှင့်အဝန်း နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မြန်မာနိုင်ငံသည် မည်သည့်ခေတ်နှင့်မျှမတူသော ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ခံစားခွင့်ရခဲ့ပေပြီ။ အတိတ်သမိုင်းတွင် မျက်နှာပန်းလှခဲ့သော၊ သမိုင်းပေးတာဝန် ကျေပွန်သော တပ်မတော်သည် ပြည်သူတို့အတွက် မွန်မြတ်သော သမိုင်းသစ်ကို ရေးထိုးပေးနိုင်ခဲ့ပြီ ဖြစ်ပါတော့သည်။ ။

တပ်မတော်သည် မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက် အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်ပြီး ကာကွယ်ပေးခဲ့သော သမိုင်းအစဉ်အလာ ကောင်းများလည်းရှိ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှုများနှင့် ကူမင်တန်တရုတ်ဖြူတို့၏ ကျူးကျော်မှုကို ကာကွယ်တိုက်ခိုက်ပေးခဲ့၊ ၁၉၅၈ခုနှစ်တွင် နိုင်ငံတော်တာဝန်ကို ယာယီလက်ခံယူခဲ့၊ ၁၉၆၂ခုနှစ်နှင့် ၁၉၈၈ခုနှစ်များတွင် နိုင်ငံတော်ကို အချုပ်အခြာအာဏာဆုံးပါးမည့် အန္တရာယ်မှ ကယ်တင်ခဲ့၊ တပ်မတော်၏ သမိုင်းသည် စစ်ရေးသမိုင်းမျှသာမက လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ရေးကာကွယ်မှုသမိုင်း၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းရေး သမိုင်းလည်းဖြစ်။

29-3 (10).pmd 1 3/29/2009, 2:29 AM

အလွတ်တန်း ဖူဆယ်ဖိတ်ခေါ်ပြိုင်ပွဲစတင်ကျင်းပ အသင်း ၂၃သင်း ဝင်ရောက်ယှဉ်ပြိုင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၈

၂၀၀၉ခုနှစ် အလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲကို မတ်၂၈ရက်မှစ၍ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားရုံတွင် ကျင်းပလျက်ရှိရာ ပြည်တွင်းမှ အသင်းပေါင်း ၂၃သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

အုပ်စုများ

ပြိုင်ပွဲကို ခြောက်သင်း သုံးအုပ်စုနှင့် ငါးသင်း တစ်အုပ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု(က)တွင် စူပါဝမ်းယူနိုက်တက်၊ ဘောက်ထော်လူငယ်၊ ဇော်ယူနိုက်တက်၊ ဆုံစည်းရာ၊ ငွေမိသားစု(A)၊ PNCT အသင်း၊ အုပ်စု(ခ)တွင် UPT အသင်း၊ Phoenix အသင်း၊ SS F.C အသင်း၊ တာမွေသားအသင်း၊ United Tempo အသင်း၊ စမ်းချောင်းလူငယ်အသင်း၊ အုပ်စု(ဂ)တွင် B.T.T အသင်း၊ စိန်ပေါလ်အသင်း၊ New Legend အသင်း၊ လင်းစဒေါင်းအသင်း၊ သုခမ္မာလူငယ်အသင်း၊ ငွေမိသားစု(B) အသင်း၊ အုပ်စု(ဃ)တွင် MCBA အသင်း၊ UPT လူငယ်အသင်း၊ ရွှေတံခွန်အသင်း၊ United KKN အသင်းနှင့် ရေစက်မိသားစုအသင်းတို့ ပါဝင်ကြသည်။ အုပ်စုပွဲစဉ်များကို မတ် ၂၈ရက်မှ ဧပြီ ၆ရက် အထိ ကျင်းပသွားမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၈ရက်၊ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဧပြီ ၉ရက်နှင့် ဗိုလ်လုပွဲကို ဧပြီ ၁၁ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဖွင့်လှစ်

ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉နာရီက ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တက်ရောက်ပြီး ပြိုင်ပွဲကို အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် ပထမနေ့ပွဲစဉ်များအဖြစ် စူပါဝမ်းယူနိုက်တက်နှင့် ဘောက်ထော်လူငယ်၊ ဇော်ယူနိုက်တက်နှင့် ဆုံစည်းရာအသင်း၊ ငွေမိသားစု(က)နှင့် PNCT အသင်း၊ UPT အသင်းနှင့် Phoenix အသင်း၊ SS F.C အသင်းနှင့် တာမွေသား၊ United Tempo အသင်းနှင့် စမ်းချောင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကြသည်။

ရွေးချယ်မည်

ဆုကြေးများအဖြစ် ပထမ ကျပ် ၁၅သိန်း၊ ဒုတိယ ကျပ် ၁၀သိန်းနှင့် တတိယ ကျပ် ငါးသိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး ယခုပြိုင်ပွဲမှ ထူးချွန်သော ကစားသမားများကို ယခုနှစ်အတွင်း ယှဉ်ပြိုင်ရန်ရှိသည့် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ပဏာမ လက်ရွေးစင်ကစားသမားများအဖြစ် ရွေးချယ်သွားမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)



ဆရာဝန်များအတွက် အရေးပေါ်အသက်ကယ် ရှေးဦးပြုစုကုသခြင်း လက်တွေ့သင်တန်း မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ ကြီးမှူးကျင်းပ

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)နှင့် Royal Australasian College of Surgeon တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် Primary Trauma Care Skill Training in Myanmar ကို ဆရာဝန်များ လက်တွေ့လေ့ကျင့် လေ့လာဆည်းပူးနိုင်ရန် မတ် ၂၈ရက်မှ ဧပြီ ၁ရက်အထိ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပလျက်ရှိသည်။ **(အပေါ်ပုံ)**

အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင်ပြုလုပ်ရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဦးကျော်မြင့်နိုင်နှင့် Director of External Affairs (RACS) Ms.Daliah Moss တို့က အမှာစကားအသီးသီးပြောကြားကြသည်။

ရည်ရွယ်ထား

သင်တန်းသို့ ဆေးတက္ကသိုလ်များမှ အရိုးအထူးကုဆရာဝန်များ၊ ခွဲစိတ်ဆရာဝန်များ၊ မေ့ဆေးဆရာဝန်များ၊ ကလေးအထူးကု ဆရာဝန်များ၊ သားဖွားမီးယပ်အထူးကု ဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များ စုစုပေါင်း ဆရာဝန် ၄၄ဦးတက်ရောက်ကြသည်။ သင်တန်းတွင် ဆရာဖြစ် လက်တွေ့သင်တန်းပါဝင်ပြီး နောင်တွင် မြန်မာဆရာဝန်များဖြင့် ထပ်ဆင့်လေ့ကျင့် သင်ကြားပို့ချနိုင်ရန်အတွက် ရည်ရွယ်သည်။ နှစ်ရှည်စီမံကိန်းဖြင့် တစ်နိုင်ငံလုံးရှိ ဆရာဝန်များအား လွှမ်းခြုံလေ့ကျင့်ပေးမည့်အပြင် အခြားကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးစေတနာ့ဝန်ထမ်း၊ လုပ်အားပေးများကိုပါ အဆင့်ဆင့်လေ့ကျင့်သင်ကြားသွားရန် ရည်ရွယ်ထားကြောင်းသိရသည်။

(မြန်မာနိုင်ငံဆရာဝန်အသင်း)

(၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရွှေကျင်မြို့နယ်တွင် စာပေဟောပြောပွဲကျင်းပ

ရွှေကျင် မတ် ၂၈

ပဲခူးတိုင်း ရွှေကျင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့၏ပူးပေါင်းကျင်းပသော (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို မတ် ၂၇ရက် ည ၇နာရီခွဲက ရွှေကျင်မြို့ ညဈေးလမ်း လွတ်လပ်ရေး ကျောက်တိုင်ရင်ပြင်၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဦးက ကြိုဆိုနှုတ်ခွန်းဆက် မေတ္တာစကား ပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သန်း(ရွှေလက်)က ဖတ် ကြားသည်။

ဟောပြော

စာပေဟောပြောပွဲ ဆက်လက်ကျင်းပရာ စာရေးဆရာများဖြစ်ကြသော မောင်စိန်ဝင်း(ပုတီးကုန်း)၊ သန်လျင် မောင်မောင်ဦးနှင့် အောင်စိုး(တိရစ္ဆာန် ဆေးကုဆရာဝန်)တို့က ဟောပြောကြသည်။

(မြို့နယ်စာပေနှင့် စာနယ်ဇင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်အောင်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

မြန်အောင် မတ် ၂၈

ဦးသိန်းငွေး (Bamboo House စားသောက်ဆိုင်)သည် မြန်အောင်မြို့ ဂေါက်ကွင်း၌ မတ်၂၄ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁)၌ ၁၂၂ ကိုက်အကွာမှ Srixon Soft Feel No.3 ဘောလုံးကို Mizuno Iron No.9 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးအောင်မျိုးညွန့် (ရွှေ-၃-ရွှေသက်န်းပရိက္ခရာ)၊ ဦးမြင့်ဇော်(ကုန်သည်)၊ ဦးငွေလွင်(စိန်ရတီဆီစက်)နှင့် ဦးနေဝင်းဇော်(မြတ်ဘုန်းသူဆန်စက်)တို့ အတူကစားလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စနူကာ(လူသစ်တန်း)ပြိုင်ပွဲ ကျင်းပပြီးစီး

ရန်ကုန် မတ် ၂၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်နှင့် Internation Beverages Trading Co., Ltd.(IBTC) တို့က အဓိကကူညီပံ့ပိုးကျင်းပသည့် Grand Royal Special Reserve Snooker (လူသစ်တန်း) Championship 2009 ပြိုင်ပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာ၌ မတ်၂၄ရက်မှ ၂၇ရက်အထိ ကျင်းပခဲ့ရာ စနူကာ(လူသစ်တန်း) Champion ဆုအတွက် ပထမဆုကို ရှမ်းပြည်နယ် တောင်ကြီးမြို့မှ အားကစားသမား ခွန်ညီညီထွေးကလည်းကောင်း၊ ဒုတိယဆုကို မန္တလေးမြို့မှ အားကစားသမား အောင်ညီညီကလည်းကောင်း၊ တတိယဆုကို မန္တလေးမြို့မှ အားကစားသမား ကိုရဲကလည်းကောင်း အသီးသီးဆွတ်ခူး ရရှိသွားကြသည်။

စနူကာ(လူသစ်တန်း) Champion ဆုရရှိသူ အားကစားသမားသုံးဦးသည် ဆက်လက်ကျင်းပမည့် Snooker (Senior) Championship ပြိုင်ပွဲတွင် Snooker (Senior) အားကစားသမားကြီးများနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ယနေ့မှစ၍ ကျင်းပလျက်ရှိသည်။ ထို Snooker (Senior) ပြိုင်ပွဲမှ ထွက်ပေါ်လာသော ပထမ၊ ဒုတိယရရှိသူ အားကစားသမားနှစ်ဦးအား ဒီဇင်ဘာလတွင် လာအိုနိုင်ငံ၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပဏာမ ရွေးချယ်ထားပြီး မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်တွင် စခန်းသွင်းလေ့ကျင့်ထားမည့်အပြင် ယခုပြိုင်ပွဲ၌ ပထမရရှိသူအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် 6 red Snooker ပြိုင်ပွဲသို့ အဖွဲ့ချုပ်မှ စေလွှတ် ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။ **(အား/ကာ)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ခုနှစ် မတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၂၉-၃-၂၀၀၉ ရက်နေ့

၂၀၀၉ ခုနှစ် ဧပြီလအတွက်

၁၂-၄-၂၀၀၉ ရက်နေ့ နှင့် ၂၆-၄-၂၀၀၉ ရက်နေ့

(၅၁)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းတို့ကကြီးမှူး၍ Kaung Myat Companies (KM Golf Centre) က အဓိကကူညီပံ့ပိုးမည့် ၂၀၀၉ ခုနှစ် (၅၁)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက် ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်ဂေါက်ကွင်း၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေ၊ငွေ၊ကြေးအဆင့်၊ ကလပ်အသင်းလိုက်ပြိုင်ပွဲ၊ ရွှေအဆင့်တစ်ဦးချင်းပြိုင်ပွဲ၊ ငွေအဆင့်တစ်ဦးချင်းပြိုင်ပွဲ၊ ကြေးအဆင့်တစ်ဦးချင်းပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် ပြင်ဦးလွင်တံခွန်စိုက်ဖလားပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် အသင်းလိုက်ပထမနှင့် ဒုတိယဆုများ၊ ရွှေ၊ ငွေ၊ ကြေးအဆင့်တစ်ဦးချင်းပြိုင်ပွဲ ပထမမှ ဒသမအထိ ၁၀ဆု၊ အမျိုးသမီးပြိုင်ပွဲတွင် ခုနစ်ဆု၊ သက်ကြီးတန်းပြိုင်ပွဲတွင် ၁၀ဆု၊ ပြင်ဦးလွင်တံခွန်စိုက်ဖလားပြိုင်ပွဲတွင် သုံးဆု အသီးသီး ချီးမြှင့်သွားမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်

ပြိုင်ပွဲအမျိုးအစားတစ်မျိုးလျှင် နှစ်ရက် ၃၆ကျင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆုရရှိသူ ဂေါက်သီးရိုက်အားကစားသမားများအား တစ်ဦးလျှင် ရပ်တု၊ (ဆုပစ္စည်းများနှင့် ဆုကြေးငွေ)များကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကာ ဆုပစ္စည်းတန်ဖိုးငွေကျပ် ၅၅သိန်းဖိုးနှင့် ဆုကြေးငွေ တန်ဖိုးငွေကျပ် သိန်း ၅၀ဖြစ်၍ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်သွားမည် ဖြစ်သည်။

ယှဉ်ပြိုင်ကစား

တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေအဆင့် အချက်ကျောသတ်မှတ်ချက်မှာ ၀ မှ ၁၂အထိ၊ ငွေအဆင့် အချက်ကျောသတ်မှတ်ချက်မှာ ၁၃မှ ၁၈အထိ၊ ကြေးအဆင့် အချက်ကျောသတ်မှတ်ချက်မှာ ၁၉မှ ၂၄ အထိဖြစ်ပြီး အသင်းလိုက်ပြိုင်ပွဲများတွင် တစ်သင်းလျှင် ပြိုင်ပွဲဝင်လေးဦး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အကောင်းဆုံးသုံးဦး၏ (အချက်ကျောမဲ့) ရိုက်ချက်ပေါင်းဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

တစ်ဦးချင်းပြိုင်ပွဲများတွင် (အချက်ကျောပေးစနစ်)ဖြင့်လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် (အချက်ကျောမဲ့စနစ်)ဖြင့်လည်းကောင်း သတ်မှတ်ထားသည်။ ပြင်ဦးလွင်တံခွန်စိုက်ဖလားပြိုင်ပွဲတွင် (အချက်ကျော)စနစ်ဖြင့် အချက်ကျော သတ်မှတ်ချက်မှာ ၀ မှ ၁၈ အထိ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

သင်္ကြန်ကာလသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ဧည့်သည်အလွန် များပြားပြီး တည်းခိုနေထိုင်ရေး ခက်ခဲသည့်ကာလဖြစ်သော်လည်း ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်ရေးအတွက် ဧပြီ ၂ရက်မှ ၁၆ရက်အထိ ပြင်ဦးလွင်မြို့ပေါ်ရှိ ဟိုတယ်နှင့် တည်းခိုခန်းများတွင် အခန်းထက်ဝက်နှုန်းဖြင့် တည်းခိုနိုင်ရေး စီစဉ်ထားသည့်အပြင် ပြိုင်ပွဲဝင် တစ်ဦးလျှင် ငွေကျပ်သုံးထောင်နှင့်အထက် တန်ဖိုးရှိသော လက်ဆောင်ပစ္စည်းများကိုလည်း ချီးမြှင့်သွားမည်ဖြစ်သည်။

ကူညီပံ့ပိုး

၂၀၀၉ခုနှစ် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၏ (၅၁)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Kaung Myat Companies (KM Golf Centre) က တန်ဖိုးငွေကျပ်သိန်း၅၀ တန်ဖိုးရှိသော ဆုပစ္စည်းများဖြင့် ကူညီပံ့ပိုးထားသည်။

ယင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အသင်းများ၊ ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် ဧပြီ ၁၀ရက်နောက်ဆုံးထား၍ မန္တလေးတိုင်း ပြင်ဦးလွင်ဂေါက်သီးရိုက် အသင်း ဖုန်း-၀၈၅-၂၂၃၈၂၊ ၀၉-၂၀-၄၄၇၁၅၊ ၀၉-၂၀-၄၄၁၆၄နှင့် ၀၉-၅၂-၆၁၂၉၁တို့သို့ ဆက်သွယ်ပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

29-3 (11).pmd 1 3/29/2009, 2:29 AM

SD PAINTS CO.,LTD.

နိုင်ငံတကာအဆင့်မီ ... ISO 9001 :2000 ...

မဟာသင်္ကြန်ပွဲတော်အကြိုအထူးဈေးနှုန်း (၂၀-၃-၂၀၀၉မှ ၁၀-၄-၂၀၀၉ထိ)

		ယခင်ဈေး	ယခုဈေး
1/4 LB SD	1ဘူး	250	200
1LB SD	1ဘူး	450	360
1/4 GL SD	1ဘူး	1,160	928
1/4 GL SD (BIG SIZE)	1ဘူး	2,400	1920
1 GL SD	1ပုံး	7,900	6320
5 GL SD	1ပုံး	39,500	31600
		ယခင်ဈေး	ယခုဈေး
1/4 LB ND	1ဘူး	413	330
1LB ND	1ဘူး	1,083	866
1/4 GL ND	1ဘူး	2,990	2392
1 GL ND	1ပုံး	9,990	7992
5 GL ND	1ပုံး	49,000	39200
		ယခင်ဈေး	ယခုဈေး
1 GL ND	1ပုံး	3290	2632
5 GL ND	1ပုံး	14900	11920
		ယခင်ဈေး	ယခုဈေး
1 GL NEW TEX	1ပုံး	4,200	3360
5 GL NEW TEX	1ပုံး	20,000	16000

အမြို့မြို့ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

Exercise Book
CHAW CHAW
Ph: 01-254995, 374722, 374733, 375182

unicolor
Ph: 01-254995, 374722, 374733, 375182

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ ချင်းပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မတ် ၂၈

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်နှင့် အလှူရှင် i Love Myanmar Emmanuel Foundation မှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၉ရက်က ကန်ပက်လက်မြို့နယ် မဆာတွီကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာမူလတန်းကျောင်းရှေ့ စုဝေးကွင်း၌ မှန်တောင်ကျေးရွာအုပ်စု၊ ဘောင်ဘင်ကျေးရွာအုပ်စု၊ ဆေကေးကျေးရွာအုပ်စု၊ လွန်ဒုံကျေးရွာအုပ်စု၊ ဘတ်ချောက်ကျေးရွာအုပ်စု၊ မာကြားကျေးရွာအုပ်စု၊ ပင်းလောင်းကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကား ပြောကြားပြီး ကျေးရွာအုပ်စုများအတွက် အဝတ်အထည်များ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ပေးပို့ လှူဒါန်းသော အားကစားပစ္စည်းများနှင့် ကျေးရွာအုပ်စုခြောက်အုပ်စုအတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများ ပြုပြင်ရန်အတွက် အလှူငွေကျပ်ခြောက်သိန်းကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် မတ် ၂၀ရက်တွင် အရှည် ၂၂မိုင်ရှိသော ကျင်ဒွေး-ပန်းတောင်-ရှင်ဘောင်ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းပြီးစီးပါက ကန်ပက်လက်၊ မင်းတပ်နှင့် ပလက်ဝဒေသများမှ ကျေးရွာအုပ်စု ၁၃စုနှင့် ကျေးရွာ ၃၅ရွာ ကျေးရွာချင်း ကူးလူးဆက်သွယ် သွားလာနိုင်မည်ဖြစ်သည်။

ပေးအပ်လှူဒါန်း

ဒုတိယဝန်ကြီးသည် မတ် ၂၁ရက်တွင် ရှင်ဘောင်ကျေးရွာသို့ရောက်ရှိပြီး အခြေခံပညာအထက်တန်းကျောင်းခွဲတွင် မှူးချိန်ဒိန်းကျေးရွာအုပ်စု၊ မုလောင်း ကျေးရွာအုပ်စု၊ ကာနန်းကျေးရွာအုပ်စု၊ ခါနန်းကျေးရွာအုပ်စု၊ ခါရိုင်းကျေးရွာအုပ်စု၊ လုံအိမ်နူးကျေးရွာအုပ်စုများမှ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံပြီး ကျေးရွာအုပ်စုများအတွက် အဝတ်အထည်များ၊ ခါနန်းကျေးရွာ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရန်အတွက် ဆက်စပ်ပစ္စည်းများနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ အားကစားပစ္စည်းများနှင့် အလှူရှင် i Love Myanmar Emmanuel Foundation က လှူဒါန်းသော ဆန်၊ဆား၊အဝတ်အထည်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မတ် ၂၂ရက်တွင် ကျင်ဒွေးကျေးရွာသို့ရောက်ရှိရာ တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်ပြီး ကျေးရွာအုပ်စုများအတွက် အဝတ်အထည်များ၊ အားကစားပစ္စည်းများအား တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုသည် မတ်၂၄ရက်တွင် ကန်ပက်လက်မြို့နယ် လက်ဖက်စိုက်ခင်းရှင်းလင်းဆောင်၌ ရဲလောင်းပန်းကျေးရွာမှ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံပြီး အလှူရှင် i Love Myanmar Emmanuel Foundation က လှူဒါန်းသော ဆန်အိတ်များကို တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲ

ထို့နောက် လှလောင်းပန်းကျေးရွာသို့ ရောက်ရှိပြီး အခြေခံပညာ မူလတန်းကျောင်း၌ တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ကျေးဇူးတင်

ဒုတိယဝန်ကြီးသည် မတ် ၂၅ရက်တွင် မင်းတပ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးဝါးတက်ရောက်ကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။ထို့နောက် မင်းတပ်မြို့ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကာ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အလှူရှင် i Love Myanmar Emmanuel Foundation မှ လှူဒါန်းသော ဆန်- ဆားဘူး-အောက်ချိုင်နှင့် ချပ်-သို့ပန်းကျေးရွာချင်းဆက် လမ်းများ ဖောက်လုပ်ရာတွင် အသုံးပြုရန်အတွက် ဆန်အိတ်များကို ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မင်းတပ်မြို့ ဒီဂျစ်တယ် အော်တိုတယ်လီဖုန်းစခန်းသို့ ရောက်ရှိပြီး စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

‘မိုး’ သတိပြု

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၁၃)ဖြန့်ချိ

ရန်ကုန် မတ် ၂၈

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၁၃)၌ **“ပြည်သူတွေက မီးသတ်ကားမြင်တာနဲ့ ရေပါတယ်ပဲထင်ကြတယ်၊ တကယ်တော့ ရေမပါတဲ့ မီးသတ်ကားလဲရှိပါတယ်”** ရဲကျော်စွာအောင်ကျော်မြင့်(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာန)နှင့် ဖလားဝါးနယူးစ်တို့တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ အသတ်ခံခဲ့ရသော ဆယ်ကျော်သက်အရွယ် အမေရိကန်သူလေးအတွက် ကျန်ရစ်သူမိသားစုက နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသတွင် သူ့အမည်ဖြင့် စာသင်ကျောင်းတစ်ကျောင်းလှူဒါန်းမည်၊ ရန်ကုန်-မန္တလေးကားလမ်း တစ်လျှောက်ရှိ မြို့ရွာများ မန္တလေး FM မကြာမီဖမ်းယူနိုင်တော့မည်၊ မပုပ်မသိုးဖြစ်တည်နေသည့် ဆရာတော်သုံးပါး၏ ရုပ်ကလာပ်တော်များ တစ်ပြိုင်တည်းဖူးမြော်နိုင်၊ ဆည်မြောင်းတည်ဆောက်မှု နည်းပညာသင်တန်းများ မြန်မာနိုင်ငံတွင် မန္တလေးတိုင်း၌ ပထမဆုံးအဖြစ် ဖွင့်လှစ်မည်၊ ကြက်ဥမြွေဆိပ်ဖြေဆေး တိရစ္ဆာန်နှင့် ပထမအဆင့် စမ်းသပ်အောင်မြင်၊ ခရီးစဉ်အလိုက် တက္ကစီမီတာခကျသင့်သည့် အနီးဆုံးနှုန်းထား ဖော်ပြထားသောဘုတ်များ ရန်ကုန်မြို့ နေရာ၃၀တွင် လိုက်လံတပ်ဆင်မည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ သူ့ဘဝ သူ့ဒဿန ‘ဒီအလုပ်က မချမ်းသာတောင်မှ မငတ်ပါဘူး’ ကိုအောင်ကိုလတ်(ဆံပင်ညှပ်ဆရာ)နှင့် စကားလက်ဆုံ၊ တစ်ပတ်စာအရသာသစ် B.B.Q Pork Remen (တုန်းကိုးစွပ်ချားရှူးလမယ်)၊ ‘ကြွယ်ဝသောနှလုံးသားပိုင်ရှင်’ နှင့် ‘သရီးဒီသာလုပ်ရသော နိုင်ငံခြားသားလုပ်သားများနှင့် တောင်ကိုရီးယား’ ရှုမြင်သုံးသပ်ဆောင်းပါးများနှင့်အတူ ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘားရက်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်)ဘာသာပြန်ဆိုထားသော ‘အဖေ့ဆီကအိပ်မက်များ(၁၈)’၊ ‘နိုင်ငံရေးစိုးရိမ်ပူပန်နေရမှုကနေ ရှောင်ရှားလိုပါတယ်’ ဇာတိမြေလုံခြုံရေးဝန်ကြီး ဂျနက်နာပိုလီတာနိုနှင့် စပီဂျဲလ်တို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ မလေးရှားနိုင်ငံ၏ ကမ္ဘာပေါ်မှ တစ်ခုတည်းသောဆေးရုံတွင် နို့စို့အရွယ် အော်ရန်အူတန်လူဝံလေးများ ပြုစုစောင့်ရှောက်၊ ဂျူးလူမျိုး ၈၀၀၀ခန့်သတ်ဖြတ်မှုတွင်ပါဝင်ခဲ့သည့် နာဇီအစောင့်စစ်သားဟောင်းအား အမေရိကန်ပြည်ထောင်စုက ဩစတြေးလျသို့ နယ်နှင်ဒဏ်ပေး၊ အမေရိကန်အမျိုးသမီး ဂျာနယ်လစ်နှစ်ဦး မြောက်ကိုရီးယားတွင် ထိန်းသိမ်းခံရ၊ ဘားရက်အိုဘားမားကို အာနိုးကူညီမည် စသည့် နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ထားသည်။

(သတင်းစဉ်)

ကော့ကရိတ်မြို့နှင့် အမှတ်(၇)ရပ်ကွက်တွင် စည်ပင်ထည့်ဝင်ငွေကျပ် ၈၄ ဒသမ၆သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၄သိန်း စုစုပေါင်းငွေကျပ် ၁၀၈ဒသမ၆သိန်းဖြင့် ဆောင်ရွက်သော သဇင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါလမ်း၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးကျားတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ပခုက္ကူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဝတ်စုံပေးအပ်

ပခုက္ကူ မတ် ၂၃

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စစ်မှုထမ်းဟောင်းဝတ်စုံပေးအပ်ပွဲကို မတ် ၁၉ရက် မွန်းလွဲ ၁နာရီက အဆိုပါကော်မတီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးသက်ပိုင်(ငြိမ်း)က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းဝတ်စုံများကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသို့ နာယက ဒုတိယဗိုလ်မှူးကြီးဌေးဦး(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌဗိုလ်ကြီးကျော်ဌေးအောင်၊ အတွင်းရေးမှူး ဗိုလ်ကြီးညွန့်တင်(ငြိမ်း)နှင့် ကော်မတီဝင်များက ပေးအပ်ကြသည်။

ထို့နောက်(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့ အမှတ်(၁၅) ရပ်ကွက်နေ တပ်ကြပ်ကြီး လှသောင်း(ငြိမ်း)က တစ်လလျှင် ၅၇၅ ကျပ် ၅၀ ပြားနှုန်းဖြင့် ၁၀နှစ်စာ စုဆောင်းလစာငွေ ကျပ်၆၉၀၆၀အား မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီသို့ ပေးအပ်လှူဒါန်းရာ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးကျော်ဌေးအောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ယာပုံ)** (၀၇၀)

ပုလဲ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်

ပုလဲ မတ် ၂၀

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသည် မတ်၈ရက်က မြို့နယ်၏ တောင်ပေါ်ဒေသဖြစ်သော ဝက်ကျကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ငွေတို့လိုက်ပါပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး အခြေအနေများကို ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မီးသတိပြု

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ချောက်မြို့၌ သွေးလှူဒါန်းပွဲ ကျင်းပ

ချောက် မတ် ၂၅

(၆၄) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ချောက်မြို့နယ် ပင်မရေနံ သိုလှောင် ဖြန့်ဖြူးရေးဌာန ဝန်ထမ်းများ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၂၂ရက် နံနက်၉နာရီက အဆိုပါရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးဟန်က အဖွင့်အမှာစကား ပြောကြားပြီး ပင်မမန်နေဂျာ ဦးသန်းဝင်းက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

မှတ်တမ်းလွှာပေးအပ်

ထို့နောက် ပင်မမန်နေဂျာမှ ဓာတ်ခွဲကျွမ်းကျင် ဒေါ်သင်းမွန်သိန်းထံသို့ သွေး ၂၁ ပုလင်းကို ပေးအပ်လှူဒါန်းရာ ဒေါ်သင်းမွန်သိန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ကျွေးမွေး

အဆိုပါ သွေးလှူဒါန်းပွဲ သွေးလှူရှင်များအား ဖြည့်စွက် အာဟာရများ ကျွေးမွေးပြီး နံနက် ၁၁နာရီတွင် အခမ်းအနား ပြီးစီးခဲ့သည်။ **(မြို့နယ်စည်ပင်)**

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကုန်သည်လမ်းဘေး မြေယာရှင်း ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၂၀ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)၊ ဦးမြင့်သန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စာအုပ်များလှူဒါန်း

အရာတော် မတ် ၂၃

အရာတော်မြို့နယ် သလဲဘာကျေးရွာ အလင်းရောင်စာကြည့်တိုက်တွင် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၈ရက် နံနက် ၁၁နာရီက ကျင်းပသည်။

စာအုပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းနေစိုးက အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အသိပညာပေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများအား စာအုပ်များ လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)



ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ရေး-အဘော်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ဖေဖော်ဝါရီ ၂၆ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်ဝင်းမောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

အမှုဖော်ထုတ်သိမ်းဆည်းရမိသော ဆိုင်ကယ်များ ပိုင်ရှင်ထံလွှဲပြောင်းပေးအပ်ပွဲ ဘားအံ၌ကျင်းပ

ဘားအံ မတ် ၂၀

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ အမှုဖော်ထုတ်သိမ်းဆည်းရမိသည့် မော်တော်ဆိုင်ကယ်များအား ပိုင်ရှင်များထံသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် မွန်းလွဲ၁နာရီခွဲက ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဆယ်မောင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဘားအံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်က စွမ်းစွမ်းတမံကြိုးစားဖော်ထုတ်ခဲ့ကြသည့် ဒုရဲအုပ်အောင်ထူး၊ တပ်ကြပ်စိန်မင်း၊ တပ်ကြပ်ဇော်ဝင်း၊ တပ်သားမျိုးမင်းလတ်တို့အား လည်းကောင်း၊ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်က ဘားအံရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များဖြစ်ကြသော ဒုရဲအုပ်ဝင်းနိုင်၊ တပ်ကြပ်ကြီးအောင်ဌေး၊ တပ်ကြပ်ကြီး အောင်မင်းတို့အား လည်းကောင်း ဆုများချီးမြှင့်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ပြန်လည်သိမ်းဆည်းရမိသည့် ဆိုင်ကယ်၁၇စီးကို ပိုင်ရှင်များထံ ပေးအပ်ရာ ပိုင်ရှင်များဖြစ်ကြသည့် ဦးဟန်စိုးနှင့် ဒေါ်နန်းမန္တလေးတို့က ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းကြသည်။ **(၀၀၈)**

မြေထိန်းနံရံ

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဓမ္မဝတ္တလမ်း မြေထိန်းနံရံ ပြုလုပ်ခြင်းကို အမှုဆောင်အရာရှိဦးတင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ် ကျန်းမာရေးဌာနအတွက် အရေးပေါ်လူနာ လွှဲပြောင်းညွှန်းပို့ရန် မာလင်မြန်မာအဖွဲ့မှ စက်တပ်ရေယာဉ် ပဲ့ထောင်ကိုးစင်း လှူဒါန်း

လပွတ္တာ မတ် ၂၂

ဧရာဝတီတိုင်း လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျန်းမာရေးဌာန အရေးပေါ်လူနာ လွှဲပြောင်းညွှန်းပို့ရန်အတွက် မာလင်မြန်မာအဖွဲ့က စက်တပ်ရေယာဉ်ပဲ့ထောင် ကိုးစင်းကို ကျေးလက်ကျန်းမာရေးဌာန ကိုးခုသို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၄ ရက် မွန်းလွဲ ၁နာရီက လပွတ္တာမြို့ ဆိပ်ကမ်း ပန်တော်ဆေးသင်္ဘောပေါ်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည်က ပေးအပ်ပြီး ဗိုင်းဒေါင့်ချောင်းကျေးရွာ ဥက္ကဋ္ဌက လက်ခံယူသည်။ **(ယာပုံ)**

လှူဒါန်းပွဲအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်မောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မာလင်မြန်မာအဖွဲ့မှ ဝန်ထမ်းများနှင့် ပြည်တွင်း ပြည်ပလူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့ ခတ္တာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းအောင်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

သာပေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် (မြို့ပြ)ဗဟိုလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းရန် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းကို လုပ်ငန်းဆောင်ရွက်မှုကို မတ်၁၂ ရက်က အမှုဆောင်အရာရှိ ဦးအောင်သူဝင်း ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့မဈေး (၂)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မတ် ၈ ရက်က အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဘုန်းဇော်အောင်တို့ ကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဗဟန်းမြို့နယ် ပြန်/ဆက်ဦးစီးဌာန စာဖတ်စွမ်းရည်ပြိုင်

ရန်ကုန် မတ် ၂၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗဟန်းမြို့နယ်ရုံးက ကြီးမှူးကျင်းပသော စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို မတ်၂၁ရက် နံနက် ၁၀ နာရီက ဆရာစံမြောက် အရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ဆရာစံမြောက်အရှေ့ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူးဒေါ်အေးအေးဆင့်နှင့် ဆရာစံမြောက် အရှေ့ရပ်ကွက် ဥက္ကဋ္ဌ ဦးဝေလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ရှေးဦးစွာ ဆရာစံမြောက် အရှေ့ရပ်ကွက်ဥက္ကဋ္ဌ ဦးဝေလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်၊ စံ(၅)ရပ်နှင့် ညီညွတ်သည့် စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးနှင့် စာအုပ်အလှူရှင်တိုးပွားရေးအတွက် စာငှားကတ်စနစ် ကျင့်သုံးရေးတို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပပြီး ဆုရရှိသူများအား မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က ဆုများချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အထက(၃)ဒဂုံ (ယခင်မြို့မ အမျိုးသမီးကျောင်း) အာစရိယပူဇော်ပွဲရန်ပုံငွေရရှိရေး ပျော်ပွဲရွှင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၈

အထက(၃)ဒဂုံတွင် ပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာမကြီးများအား နှစ်စဉ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရန် မတည်ရန်ပုံငွေရရှိရေးအတွက် ပျော်ပွဲရွှင်ပွဲကို ဧပြီ ၁ရက် မွန်းလွဲ ၂ နာရီမှစတင်၍လည်းကောင်း၊ Ghost Rider တေးဂီတအဖွဲ့နှင့် အတူ နာမည်ကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုကို ညနေ ၆နာရီမှစတင်၍လည်းကောင်း မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း (မြတ်မွန်ရတနာခန်းမ) အမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အငြိမ်းစားဆရာမကြီးများဖြစ်ကြသော ဒေါ်သန်းနွဲ့လေး၊ ဒေါ်ခင်ခင်သန်း၊ ဒေါ်ကေသီဖေ၊ ဒေါ်ကြည်ကြည်သော်၊ ဒေါ်မာသာဟိန်၊ ဒေါ်ချော၊ ဒေါ်သိန်းသိန်းနှင့် ဒေါ်သန်းသန်းညိုတို့ ဦးစီးကျင်းပ၍ တေးဂီတဖျော်ဖြေပွဲနှင့် အစားအသောက်လက်မှတ်များကို ကျောင်းသူဟောင်းများဖြစ်သော မခင်ချမ်းသာ ဖုန်း-၀၁-၅၄၅၆၉၅၊ မဌေးဌေးခိုင် ဖုန်း-၀၉-၉၉-၂၇၀၂၁၊ မအေးစုလှိုင် ဖုန်း-၀၁-၂၁၁၆၃၉၊ ဒေါက်တာခင်ခင်ထား ဖုန်း-၀၉-၅၀-၁၄၉၃၃၊ မဥမ္မာမြင့် ဖုန်း-၀၉-၅၁-၂၁၅၃၈၊ မနမ့်ဝတ်ရည် ဖုန်း-၀၁-၅၁-၀၀၅၄နှင့် မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်း (မြတ်မွန်ရတနာ ခန်းမ) ဖုန်း-၀၁-၂၅၀၁၅၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ပညာရေး)

မြို့နယ် သတင်းများ

(၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု သန်လျင်စည်ပင် ကျေးလက်စက်ရေတွင်းဖွင့်

သန်လျင် မတ် ၂၇

(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပြီးစီးခဲ့သော ကံသာမြင့်ကျေးရွာ နှစ်လက်မ စက်ရေတွင်း ဖွင့်ပွဲကို မတ် ၂၅ ရက်က အဆိုပါကျေးရွာရှိ စက်ရေတွင်း၌ ကျင်းပရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးစံတင်နှင့် ကျေးရွာရေရရှိရေး ကော်မတီဝင် ဦးဟန်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါစက်ရေတွင်းကို သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ် ၂၀၂၃၅၀၀ ဖြင့် ကုန်ကျခံဆောင်ရွက်ပေးသဖြင့် ကျေးရွာနေအိမ်ထောင်စု ၁၅၀ ကျော် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

နွေစပါးပြည့်မီရေး ရွှေကူတွင်ဆောင်ရွက်

ရွှေကူ မတ် ၁၂

ရွှေကူမြို့နယ်၏ နွေစပါးဧက ပြည့်မီရေးအတွက် ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းတို့၏ ဦးဆောင်မှုဖြင့် ခရိုင်စိုက်ပျိုးရေးနှင့် ကြီးကြပ်ရေး၊ မြို့နယ်စိုက်ပျိုးရေးနှင့် ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာစိုက်ပျိုးရေးနှင့် ကြီးကြပ်ရေးအဖွဲ့များနှင့် တောင်သူဦးကြီးတို့က စက်အား၊လူအားတို့ဖြင့် နွေစပါးဧက ၆၀၀ နှင့် ဆောင်းသီးနှံဧက ၄၀၀ စုစုပေါင်းဧက ၁၀၀၀ ပေါ်ထွန်းလာရေးအတွက် ဇန်နဝါရီ ၆ရက်က ရေများသော အင်းများမှ ရေများ ထွက်စေနိုင်သော ရေနုတ်မြောင်းကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြသည်။ (ဝဲပုံ) (၁၇၉)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

လှိုင်းဘွဲမြို့နယ်တရားရုံး

၂၀၀၉ ခုနှစ် တရားမကြီးအမှုအမှတ်-၁

နန်းအိမ်ဖော့အွာ **နှင့်** စောတင်ဝင်းထွန်း

တရားလို **တရားပြိုင်**

ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့၊ (ဃ)ရပ်ကွက်၊ သီရိလမ်း (ယခုနေရပ်လိပ်စာမသိ)ရပ်နေ စောတင်ဝင်းထွန်း သိစေရမည်။

သင့်အပေါ်၌ နန်းအိမ်ဖော့အွာက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲလိုကြောင်း စွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၉ ခုနှစ် ဧပြီ ၂၇ရက် (၁၃၇၁ ခုနှစ် ကဆုန်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၉ ခုနှစ် မတ် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **စောစံလှညို**

မြို့နယ်တရားသူကြီး၊ လှိုင်းဘွဲမြို့နယ်တရားရုံး။

ပဲခူးတိုင်း၊ တောင်ငူမြို့ ကျက်သရေဆောင် သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏

၁၃၇၁ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကျင်းပမည်ဖြစ်ကြောင်း ကြော်ငြာစာ

ပဲခူးတိုင်း၊ တောင်ငူမြို့ ကျက်သရေဆောင်သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၇၁ခုနှစ် ကဆုန်လဆန်း ၈ရက်မှ ကဆုန်လပြည့်ကျော် ၇ရက်အထိ (၁-၅-၂၀၀၉ရက်မှ ၁၅-၅-၂၀၀၉ရက်အထိ) ၁၅ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဇာတ်ပွဲ၊ ဗီဒီယို၊ ရုပ်ရှင်၊ ဆပ်ကပ်၊ မျက်လှည့်၊ တုတ်ထိုးရုပ်၊ချား၊ ရဟတ်များနှင့် အခြား ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပမည်ဖြစ်သည်။

ပွဲတော်ဈေးဆိုင်ခန်းများနှင့် မြေနေရာများကို လူဟောင်းများရောင်းချပေးမည့်ရက်မှာ ၁၈-၄-၂၀၀၉ရက်မှ ၂၆-၄-၂၀၀၉ရက်အထိ သတ်မှတ်ပြီး လူသစ်များကို ၂၇-၄-၂၀၀၉ ရက်မှ စတင်ပြီး ရောင်းချပေးမည်ဖြစ်ပါသည်။ ပွဲတော်ကြီးကာလအတွင်း စက်ဘီးစခန်းများ၊ ဇာတ်ပွဲသွင်းလိုသူများကို လေလံစနစ်နှင့် ခွင့်ပြုမည်ဖြစ်ရာ ၂-၄-၂၀၀၉ ရက်နောက်ဆုံးထား၍ ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးသို့ လျှောက်လွှာများတင်သွင်းနိုင်ပြီး ၃-၄-၂၀၀၉ ရက် နံနက် ၁၀နာရီတွင် ဘဏ္ဍာတော်ထိန်း ဂေါပကရုံး၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးဦးစီးကော်မတီ

ရွှေဆံတော်စေတီတော်မြတ်ကြီး

တောင်ငူမြို့

ဖုန်း-၀၅၄-၂၃၁၇၀။

ဒေါ်သန်းသန်း (ဘ) ဦးချစ်တင်နှင့် သက်ဆိုင်သူ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်၂၃၄ဟု ခေါ်တွင်သည့် နှစ်ခန်းတွဲ နှစ်ထပ်အဆောက်အအုံ၏ အပေါ်ထပ် ခေါင်းရင်းခန်း၊ အောက်ထပ် ခေါင်းရင်းခန်းနှင့် ယင်းအခန်းများတည်ရှိရာ မြေတိုင်းရပ်ကွက် အမှတ်(၄-စီ)၊ လူနေရပ်ကွက် အမှတ် ၈၉၊ မြေကွက်အမှတ်(၇)၊ မြေကွက်၏ခေါင်းရင်းခြမ်း အလျား(၁၁½)ပေ×အနံပေ ၉၀ အား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ခရိုင်တရားရုံး(၅) တရားမဇာရီမှုအမှတ် (၆/၂၀၀၄)အမှုဖြင့် ပညတ်မိန့်ဝရမ်းစွဲကပ်ခဲ့မှုအပေါ် ဒေါ်တင်ရွှေ(၎င်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်ကြူကြူသင်း)က ပညတ်မိန့်ဝရမ်းစွဲကပ်ထားမှုအား ဝရမ်းခွာပေးရန် လျှောက်ထားခဲ့၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ခရိုင်တရားရုံး(၅)က တရားမအထွေထွေမှုအမှတ်(၈၆/၂၀၀၈)ဖြင့် အထွေထွေမှု ဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခဲ့ပြီး ၂၀-၁၁-၂၀၀၈ ရက်စွဲပါ စီရင်ချက်အမိန့်ဖြင့် ဝရမ်းစွဲကပ်ခြင်းကို ပယ်ဖျက်၍ ဝရမ်းခွာခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့ပြီးဖြစ်သည့်အတွက် အထက်ရည်ညွှန်းဖော်ပြလိပ်စာပါ အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ မြေကွက်အစိတ်အပိုင်းသည် ဒေါ်သန်းသန်းနှင့် တစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်ခြင်း မရှိပါကြောင်း ဒေါ်သန်းသန်းနှင့်သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို

LL.B., H.G.P., Dip in Business Law.,

Dip in Applied Psychology., Dip in Maritime Law.,

တရားရုံးချုပ်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်းဥပဒေအကြံပေးပုဂ္ဂိုလ်

အမှတ် ၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၂၅၂၉၂၄။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

သတင်းမြင်ကွင်း - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ဒေသတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေး နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး ပေါင်းလောင်းရေလှောင်ဆည် တည်ဆောက်ဖွင့်လှစ်

နေပြည်တော် မတ် ၂၈

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တည်ဆောက်ပြီးစီးသွားသော ပေါင်းလောင်းရေလှောင်ဆည် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီးရှိ ပေါင်းလောင်းရေလှောင်ဆည် မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■



လယ်မြေဧက ၁၆၀၀၀ကို ဆည်ရေသောက်ပို့လွှတ်မည့် လက်တံမြောင်း ၄၅၄ခုရှိသော အရှည် ၂၉ဒသမ၇၂မိုင်ရှိ လက်ဝဲတူးမြောင်းမကြီးကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် ရေတာရှည်မြို့နယ်များရှိ လယ်မြေဧက ၃၅၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ပေါင်းလောင်းရေလှောင်ဆည်



ရန်ကုန် မတ် ၂၈

ပေါင်းလောင်းမြစ်ရေသည် ကြည်လင်အေးမြလျက်၊ တသွင်သွင်စီးဆင်းလျက် ....။ အလျား ၅၉ ဒသမ ၀၇မိုင် ရှည်လျားသော တူးမြောင်းမကြီးမှ ဆည်ရေသောက်ဒေသသို့ စီးဆင်းပြီး စိုက်ပျိုးရေ၊ သောက်သုံးရေ အကျိုးပြုလျက်ရှိသည်ကို တွေ့ရသည်။ မြန်မာ့အလင်းသတင်းအဖွဲ့သည် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို စေ့ငုရေးသားနိုင်ရန်အတွက် ပေါင်းလောင်းရေလှောင်ဆည်သို့ ရောက်ရှိခဲ့ကြသည်။ သတင်းအဖွဲ့အား တည်ဆောက်ရေး(၅)မှ ဦးစီးအရာရှိ ဦးသာယာက ရေလှောင်ဆည်ရှင်းလင်းဆောင်သို့ ခေါ်ဆောင်လာခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ＊

ပေါင်းလောင်းရေအားလျှပ်စစ်မှ စီးဆင်းလာသော ရေကို အလဟဿမဖြစ်စေဘဲ လယ်မြေဧက ၃၅၀၀၀အတွက် ဆည်ရေသောက် ပို့လွှတ်ပေးမည့် နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး တည်ဆောက်ဖွင့်လှစ်ထားသည့် ပေါင်းလောင်းရေလှောင်ဆည်၌ ရေသိုလှောင်ထိန်းသိမ်းထားမှုမြင်ကွင်း....။ (မြန်မာ့အလင်း)

29-3 (20).pmd 1 3/29/2009, 2:30 AM